# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၇၉)




## တပ်နဲ့ပြည်သူ တစည်းတလုံးတည်းလက်တွဲကာ ရဲရဲတောက်တော်လှန်ခဲ့တဲ့အစဉ်အလာသမိုင်းမှာထင်ရှား

တို့လူမျိုးဟာ ရှည်လျားတဲ့သမိုင်းကြောင်းရှိပြီး သမိုင်း တစ်လျှောက်လုံးမှာလဲ သတ္တိပြောင်ခဲ့တဲ့လူမျိုးဖြစ်တယ်။ နယ်ချဲ့လိုတဲ့ ဗီဇစိတ်မရှိဘဲ သူ့ရဲကောင်းဝါဒအရ ဘုန်းလက်ရုံးအာဏာကို ပြသစည်းရုံးတတ်တဲ့ လူမျိုးဖြစ်တယ်။ စွမ်းရည်ထက်မြက်တဲ့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းမြတ်တို့ဟာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယ မြန်မာနိုင်ငံတော်နဲ့ တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်နိုင်ခဲ့ကြတယ်။ အဲဒီမင်းမြတ်တွေဟာ သူတို့လက်ထက်အသီးသီးမှာ နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို တည်ဆောက်နိုင်ကြတာကြောင့် နိုင်ငံတော်ဟာ အင်အားတောင့်တင်းခဲ့တယ်။ သို့သော် ကာကွယ်ရေးစွမ်းအား နိမ့်ပါးသွားတဲ့ အခါမှာတော့ တို့လူမျိုးတွေဟာ သူတစ်ပါးပြုသမျှနေခဲ့ရ တယ်။ ဒါပေမယ့် သူ့ကျွန်မခံတဲ့ ဇာတိမာန်နဲ့ တပ်နဲ့ပြည်သူ တစည်းတလုံးတည်း လက်တွဲကာ ရဲရဲတောက်တော်လှန်ခဲ့တဲ့ အစဉ်အလာဟာလဲ သမိုင်းမှာ အထင်အရှား ဖြစ်တယ်။

# မိဘပြည်သူများဆန္ဒဦးထိပ်ထားပြီး နိုင်ငံတော်ကိုဒီမိုကရေစီလမ်းကြောင်းပေါ် ပို့ဆောင်နိုင်ရေး အမျိုးသားနိုင်ငံရေးလမ်းစဉ် ဦးထိပ်ရွက်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်ဆောင်ရွက်နေ ခေတ်မီဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေး မူဝါဒလမ်းစဉ်(၇)ရပ်အကောင်အထည်ဖော်လျက်ရှိ နိုင်ငံတော်သစ်တည်ဆောက်ရေးဆောင်ရွက်ရင်း ခေတ်မီတပ်မတော်ဖြစ်ရေးမြှင့်တင်ပေးနေ နောင်တစ်ခေတ်၏အောင်စစ်သည်ဆိုသည့်ဆောင်ပုဒ်ကို စတင်အကောင်အထည်ဖော်

ရန်ကုန် ဒီဇင်ဘာ ၁၇

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇)သင်တန်းဆင်းပွဲအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

**ရဲဘော်တို့-**

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇)ရဲ့ သင်တန်းဆင်းပွဲ အခမ်းအနားဖြစ်ပြီး တပ်မတော်အတွက် မွန်မြတ်တဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းသယ်ဆောင်ကြမယ့် မျိုးဆက်သစ်များမွေးဖွားတဲ့နေ့ဖြစ်တယ်။ ရဲဘော်တို့ကို တပ်မတော်မှာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေးခန့်အပ်တော့မှာဖြစ်တဲ့အတွက် မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားစဉ်။ (အပေါ်ဝဲပုံနှင့် အောက်ပုံ)** (သတင်းစဉ်)




**နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

# မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကျရာကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်

ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပဓာနကျသော လိုအပ်ချက်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ရာ တည်ငြိမ်အေးချမ်းမှုများ၊ လုံခြုံမှုများရရှိလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲလာသောကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝကို တည်ဆောက်ပြီးထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲဆောင်ရွက်ကာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်နေကြပြီ ဖြစ်သည်။

ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများကို အရှိန်အဟုန်မြင့်မားစွာ ဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပအဖျက်သမားများ နှောင့်ယှက်ဖျက်ဆီးခြင်းမပြုနိုင်စေရန် ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်သည်။ ထိုသို့ ကာကွယ်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဝိုင်းဝန်းကာကွယ်ကြရမည် ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝသည့် မျိုးချစ်အင်အားစုကြီးတစ်ရပ် မရှိမဖြစ် လိုအပ်ပေသည်။

အဆိုပါ မျိုးချစ်အင်အားစုကြီးအဖြစ် တိုင်းရင်းသားလူငယ်များ ပါဝင်သည့် အစဉ်လေ့ကျင့်ပျိုးထောင်ပေးထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုးကြားတက်ကြွစွာဖြင့် ရှေ့တန်းက ပူးပေါင်းပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတော်၏ပကတိအခြေအနေများကို လေ့လာဆန်းစစ်နိုင်စွမ်းရှိသူများသည် မျိုးဆက်သစ်မျိုးချစ်လူငယ်များသာဖြစ်သည်။ အဆိုပါ လူငယ်လူရွယ်များသည် ကျစ်လျစ်သိပ်သည်းခိုင်မာသော အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်များဖြင့် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရာတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်လူရွယ်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်ကျင်းပခဲ့သည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး လူထုအစည်းအဝေးကြီးတွင်လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ ပြည်နယ်နှင့်တိုင်းအသီးသီးတွင်ကျင်းပခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများတွင်လည်း တက်တက်ကြွကြွ ပါဝင်တက်ရောက်ခဲ့ကြသည်။

ယခုအခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) ၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းများအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကို ကျင်းပလျက်ရှိရာ မျိုးဆက်သစ် မျိုးချစ်အင်အားစုများ ပါဝင်ဆွေးနွေးလျက်ရှိကြသည်။

သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် မဖြစ်မနေ ဆောင်ရွက်ရမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက ကျရာကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တစ်နာရီ ကီလိုမီတာ ၃၀၀အထိ မောင်းနှင်နိုင်သည့် အမြန်ရထားလမ်းများ တရုတ်နိုင်ငံတွင် ၂၀၀၅ခုနှစ်၌ စတင်တည်ဆောက်မည်

ပေကျင်း ဒီဇင်ဘာ ၁၆

**တရုတ်နိုင်ငံသည် ၂၀၀၅ခုနှစ်တွင် တစ်နာရီ ကီလိုမီတာ ၃၀၀ နှုန်းဖြင့် မောင်းနှင်နိုင်သော အမြန်ရထားလမ်းများကို စတင်တည်ဆောက်တော့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံမီးရထားဝန်ကြီးဌာနက ပေကျင်းမြို့၌ ဗုဒ္ဓဟူးနေ့က ကြေညာသည်။**

တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ ကျင်းပသည့် နိုင်ငံခြားကုမ္ပဏီ ၁၆ခုမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သော ခရီးသည်များ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ တည်ဆောက်မှုဆိုင်ရာ နှစ်ရက်ကြာကျင်းပသည့် နိုင်ငံတကာ ဆွေးနွေးပွဲကို အဆိုပါ တရုတ်နိုင်ငံ မီးရထားဝန်ကြီးဌာန၌ ယနေ့ဖွင့်လှစ်ခဲ့သည်။

တရုတ်အစိုးရအနေဖြင့် တရုတ်နိုင်ငံတွင် ကီလိုမီတာ ၃၀၀၀ ရှိသည့် မီးရထားလမ်းများ ဆောက်လုပ်ရေးကို ခွင့်ပြုပေးခဲ့ကြောင်း တရုတ်နိုင်ငံ မီးရထားဝန်ကြီးဌာန ဒုတိယဝန်ကြီး လူဒေါင်ဖူကပြောကြားသည်။

ဂူဟန်မြို့မှ ဂေါင်ဇူမြို့အထိနှင့် ဇမ်ဇူမြို့မှ ဇီအင်မြို့အကြားတွင် တစ်နာရီ ကီလိုမီတာ ၃၀၀ နှုန်းဖြင့် ခရီးသည်များအား သယ်ယူပို့ဆောင် မောင်းနှင်နိုင်မည်ဖြစ်သည်။

## ပုံစံထုတ်

ယင်းရထားလမ်းများသည်တစ်နာရီ ကီလိုမီတာ ၃၅၀နှုန်းဖြင့် မောင်းနှင်နိုင်အောင် ပုံစံထုတ်လုပ်ထားကြောင်း၊ ကနဦးအစပိုင်းတွင် မောင်းနှင်ရာ၌ တစ်နာရီ ကီလိုမီတာ ၂၀၀ နှင့် တစ်နာရီ ကီလိုမီတာ ၃၀၀နှုန်းများဖြင့် မောင်းနှင်နိုင်မည်ဖြစ်ကြောင်း တရုတ်မီးရထားဝန်ကြီးဌာန၏ အင်ဂျင်နီယာချုပ်ဖြစ်သူ ဟူရာဂူက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ငါးမန်းများသောင်းကျန်းသည့် ပင်လယ်ပြင် တံငါသည်တစ်ဦး ဝါးတစ်လုံးဖြင့် နှစ်ရက်ကြာမျောပါ

ဆစ်ဒနီ ဒီဇင်ဘာ ၁၆

**သြစတြေးလျ တံငါသည်တစ်ဦးသည် တံမြက်စည်းရိုးခန့်ရှိသော ဝါးလုံးတစ်ချောင်းပေါ်တွင် လွန်းထိုးလျက် ငါးမန်းများသောင်းကျန်းသည့် ပင်လယ်ပြင်တွင် နှစ်ရက်ကြာ မျောပါနေခဲ့ရကြောင်း၊ ၎င်းသည် ကံကောင်းထောက်မစွာဖြင့် အသက်ရှင်လျက်ရှိကြောင်း ၎င်းအား ကယ်တင်ခဲ့သူများက တနင်္လာနေ့၌ ပြောကြားသည်။**

## နစ်မြုပ်

အသက် ၃၆နှစ်အရွယ်ရှိ ဒေးဗစ်ရစ်ချတ်ဆွန်သည် သူ၏ဖခင်နှင့်အတူ ငါးဖမ်းထွက်ခဲ့ရာ သောကြာနေ့ နှောင်းပိုင်းက ဘရစ္စဘိန်း၏မြို့တော် ကွင်းစလင်း ပင်လယ်ပြင်တွင် ၎င်းတို့၏ ငါးဖမ်းစက်လှေမှာ နစ်မြုပ်ခဲ့ရသည်။

## ရှာဖွေဆဲ

ရစ်ချတ်ဆွန်သည် စက်လှေနစ်မြုပ်သွားချိန်တွင် သူ့အဖေနှင့် သီးခြားစီဖြစ်သွားကာ ၁၆ပေရှည်သော ဝါးလုံးတစ်လုံးကို ၎င်းကဆွဲယူခဲ့ကြောင်း၊ ကယ်ဆယ်ရေးသမားများသည် အသက် (၆၈)နှစ်အရွယ်ရှိ ၎င်း၏ဖခင် ဂျော့ဂျ်အား ဆက်လက် ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။ ဒေးဗစ်ရစ်ချတ်ဆွန်သည် ၅၅မိုင် ရေပြင်ခရီးကို ဝါးတစ်ချောင်းဖြင့် ၃၆နာရီကြာ မီတွယ်မျောပါခဲ့ကြောင်း သိရသည်။

"၎င်းက မိမိကိုတွေ့တော့ ဝမ်းသာသွားကြောင်း၊ ၎င်းသည် ထိုနေရာ၌ လူများကိုတွေ့ရမည်ဟု မမျှော်လင့်ကြောင်း၊ မည်သည့်နည်းနှင့်မျှ ဝါးတစ်လုံးပေါ်တွင် မျော၍ လိုက်ပါနိုင်မည်မဟုတ်ကြောင်း"ဖြင့် ကယ်ဆယ်ရေးသမား ဟစ်မန်က သြစတြေးလျအသံလွှင့်ဌာနသို့ ပြောကြားသည်။

## ဆေးကုသနေ

ရစ်ချတ်ဆွန်သည် ရေငတ်ခြင်း၊ နေလောင်ခြင်း ဒဏ်များကြောင့် ကွင်းစလင်းဆေးရုံ၌ တနင်္လာနေ့က ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

## နိုင်ငံတကာ သတင်းများ

# သင်္ချာနှင့်သိပ္ပံဘာသာရပ် နှစ်မျိုးစလုံးတွင် စင်ကာပူကျောင်းသားကျောင်းသူများ အတော်ဆုံးဖြစ်

ဝါရှင်တန် ဒီဇင်ဘာ ၁၅

**ကမ္ဘာတစ်ဝန်းလုံးတွင် စတုတ္ထနှင့်အဋ္ဌမတန်းအဆင့်ရှိ ကျောင်းသူကျောင်းသား ၃၆၀၀၀၀ ကျော်အား စူးစမ်းလေ့လာကြည့်ရာ သင်္ချာနှင့် သိပ္ပံဘာသာရပ် နှစ်မျိုးစလုံး၌ စင်ကာပူကျောင်းသူကျောင်းသားများက အတော်ဆုံးဖြစ်ကြောင်းတွေ့ရှိရသည်ဟု အင်္ဂါနေ့က ထုတ်ပြန်သော ဘော့စတွန်ကောလိပ်အစီရင်ခံစာ၌ ဖော်ပြထားသည်။**

ထို့ပြင်၂၀၀၃ ခုနှစ်အတွက် လေးနှစ်တစ်ကြိမ်ပြုလုပ်သော နိုင်ငံတကာဆိုင်ရာ သင်္ချာနှင့်သိပ္ပံဘာသာရပ်လေ့လာမှုတွင်လည်း တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)နှင့် ဟောင်ကောင်မှ ကျောင်းသူကျောင်းသားများသည် သင်္ချာနှင့် သိပ္ပံဘာသာရပ်၌ ကောင်းစွာကျွမ်းကျင်တတ်မြောက်ကြောင်းတွေ့ရှိရသည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ ရှစ်တန်းအဆင့်ရှိ ကျောင်းသူကျောင်းသားများသည် အမှတ် ၈၀၀တွင် ပျမ်းမျှ ၆၀၅မှတ် ရရှိခဲ့ကြပြီး နိုင်ငံတကာဆိုင်ရာပျမ်းမျှအမှတ်မှာ ၄၆၇မှတ်ဖြစ်သည်ဟု ဆိုသည်။

စတုတ္ထတန်းအဆင့်၌ စင်ကာပူကျောင်းသားကျောင်းသူများက ပျမ်းမျှ ၅၉၄မှတ်ရရှိပြီး ကမ္ဘာတစ်ဝန်းရမှတ်မှာ ၄၉၅ မှတ်ဖြစ်သည်။ ဟောင်ကောင်၏ ရမှတ်မှာ ၅၇၅မှတ် ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

# အီရတ်၌ ပိုလန်စစ်ရဟတ်ယာဉ်ပျက်ကျ တပ်ဖွဲ့ဝင်သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ဝါဆော ဒီဇင်ဘာ ၁၆

**အီရတ်နိုင်ငံတွင် စစ်ဘက်ရဟတ်ယာဉ်တစ်စီး ဗုဒ္ဓဟူးနေ့က ပျက်ကျခဲ့ရာ ပိုလန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားကြောင်း ပိုလန်နိုင်ငံက ကြေညာသည်။**

အင်ဂျင်စက်ချို့ယွင်းပြီး မြေပြင်သို့အရေးပေါ်ဆင်းသက်ခဲ့သည့် ပိုလန်နိုင်ငံလုပ် ဆိုကိုလ်အမျိုးအစား ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့သည့်အတွက် အဆိုပါပိုလန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အီရတ်ရှိ ပိုလန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဒုတိယဗိုလ်မှူးကြီးအာသာဒိုမင်စကီက ပြောကြားသည်။

၎င်းကပြောကြားရာတွင် အခြေအနေသုံးသပ်ချက်အရ အင်ဂျင်စက်ချို့ယွင်းမှုကြောင့် ယင်းကဲ့သို့ ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ဖြစ်ပျက်မှုအားလုံးသိရှိရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒိုမင်စကီက ပြောကြားသည်။

ယင်းရဟတ်ယာဉ်ပျက်ကျခဲ့မှုကြောင့် အခြားတပ်ဖွဲ့ဝင်လေးဦးလည်းဒဏ်ရာရရှိခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းလေးဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။** (သတင်းစဉ်)

✡ *ကျောဖုံးမှ*

## တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဋ္ဌေးဦး၊ ဦးအောင်သောင်း၊ ဗိုလ်ချုပ်စောထွန်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်သိန်းဆွေ၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဦးသောင်း၊ ဗိုလ်ချုပ်တင်ထွတ်နှင့် ဒေါက်တာကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်မှူးချုပ်သန်းအောင်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဋ္ဌေး၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

## ဆုများချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၄၇) မှအောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၁၇၄၉) ဗိုလ်လောင်းတင်မောင်လတ်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၃၅၇၅) ဗိုလ်လောင်းအောင်နိုင်လင်း၊ စာပေထူးချွန် (ကွန်ပျူတာသိပ္ပံ)ဆု ရရှိသူ ဗိုလ်လောင်းအမှတ် (၁၁၅၄၆) ဗိုလ်လောင်းဇော်ဇော်နိုင်၊ စာပေထူးချွန် (သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၀၉၈၈) ဗိုလ်လောင်းကျော်သူတို့အား ဆုများကို အသီးသီးချီးမြှင့်သည်။

## မိန့်ခွန်းပြောကြား

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားသည်။ **(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းလေးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ကယားပြည်နယ်လွိုင်ကော်ရှိ သင်တန်းကျောင်းများကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဝင်းသည် ဒီဇင်ဘာ ၁၂ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ကျောင်းအုပ်ဆရာမကြီး၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သင်တန်းကျောင်းရှိ အဆောက်အအုံများနှင့်ရေသွယ်ယူမှုလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး သင်တန်းခန်းမဆောင် ဆောက်လုပ်မည့်မြေနေရာကို ကွင်းဆင်းစစ်ဆေး ရွေးချယ်အတည်ပြုပေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ၏ ပြည်ထောင်စုစိတ်ဓာတ်တေးသီချင်း သီဆိုလေ့ကျင့်မှုကိုလည်းကောင်း၊ ပတ္တလားတီးခတ်လေ့ကျင့်မှု၊ ကျောင်းသားများ၏ ဒိုးပတ်နှင့်အိုးစည်တီးမှုတ်မှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ဖြည့်ဆည်းပေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကျောင်းသားအိပ်ဆောင်သို့ သွားရောက်၍ အိပ်ဆောင်ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် သင်တန်းကျောင်း၏ စားရိပ်သာအဆောက်အအုံတည်ဆောက်မှုကိုတာဝန်ရှိသည့် အင်ဂျင်နီယာအဖွဲ့နှင့်အတူ ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရေးနှင့် လက်ရာကောင်းမွန်ရေးတို့ကို မှာကြားသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၈-၁၂-၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ရှေးအတိတ်ကံ အစွမ်းကြောင့် ဖြစ်ပေါ်လာ"**

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ဥပဒေပညာအထူးပြု (ပထမနှစ်) The Leagal Profession
၅း၃၅ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ဒိုင်ယာရီ"** (အပိုင်း-၈)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲ Bolton Wanderers Vs Manchester City




# "မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ-၂၀၀၄"

ကျင်းပမည့်နေ့ရက် - ၁၈-၁၂-၂၀၀၄ မှ ၂၂-၁၂-၂၀၀၄

ကျင်းပမည့်နေရာ - ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ (မန်ဝိန်းကုန်ချကွင်း)

● ကျောဖုံးမှ

### တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖနှင့် ရပ်မိရပ်ဖများ၊ ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

### နိုင်ငံတော်အလံအလေးပြု

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြသည်။



# ဦးတည်ချက်(၇)ရပ် အောင်မြင်ရေး မိမိတို့အားလုံး ပြည်သူများနှင့်အတူလက်တွဲပြီး တက်တက်ကြွကြွ အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ထူးချွန်ကျောင်းသားများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြစဉ်။ (သတင်းစဉ်)





ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက **အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် အဖွင့်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ယင်းနောက် ဆက်လက်ကျင်းပရာ **‘ရာသက်ပန် ပြည်ထောင်စု’** သီချင်းနှင့် **‘ပြည်မြန်မာ’**သီချင်းတို့ကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် သဘာပတိ အသင်းအတွင်းရေးမှူး ဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)က ချမှတ်လိုက်သော အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ဖြစ်သည့် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ခံယူကျင့်သုံးရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်မြင့်မားစွာ ဆက်လက်အကောင်အထည်ဖော်ရေး၊ ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး၊ အသင်းဝင်များ၏ အရည်အသွေး၊အရည်အချင်း စွမ်းရည်များမြှင့်တင်ရေး၊ နယ်ပယ်အားလုံး ကွက်ပြည့်စည်းရုံးရေးနှင့် ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေးတို့ကို အဓိကထားပြီး အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုသည်ကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းအကောင်အထည်ဖော်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အမျိုးသားရေး အင်အားစုကြီးဖြစ်သည့် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ပြည်သူနှင့် လက်တွဲပြီး ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်နှင့် စပ်လျဉ်း၍ ရှင်းပြပြီးနောက် ယခုနှစ်သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် နာယကကြီးဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အောက်ပါအတိုင်းလမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

### လမ်းညွှန်မှာကြား

**“ယခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မြဲအောင် အားထုတ်ရမယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ စီးပွားရေးဘဝအတွက်တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ကြရမယ်။ အသင်းကြီးက သန္နိဋ္ဌာန်ချထားပြီးဖြစ်တဲ့အတိုင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန်”**ဟု လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ဦးတည်ချက် (၇)ရပ် အောင်မြင်ရေးကို မိမိတို့အားလုံးက ပြည်သူများနှင့်အတူ လက်တွဲပြီး တက်တက်ကြွကြွ အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသွားသည်။

### ရှေ့လုပ်ငန်းစဉ်(၉)ရပ်

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်က အသင်းကြီး၏ ကဏ္ဍကြီးငါးရပ်ဖြစ်သည့် စည်းရုံးရေးရာ၊ စီမံရေးရာ၊ စီးပွားရေးရာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ၊ ပညာရေးရာများ သာမကဘဲ အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ မျိုးဆက်သစ်လူငယ်များ၏ စွမ်းရည်မြင့်မားရေး ရလဒ်ကောင်းများ ဖော်ထုတ်ရရှိခဲ့ပါကြောင်း၊ ယခင်နှစ်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်နိုင်မှုများအပေါ်မှာ မှန်ကန်စွာသုံးသပ်ပြီး ယခုနှစ် ၂၀၀၄–၂၀၀၅ အတွက် ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း စသည်ဖြင့် ပြောကြားသည်။

### လက်တွေ့အကောင်အထည်ဖော်

ထို့နောက် အလုပ်အမှုဆောင် ဒေါ်အေးမင်းမိုးက ရန်ကုန်တိုင်း အသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာတွင်–

(က) ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေး တည်ဆောက်မှုလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ခြင်း၊

(ခ) ပညာရေး အထောက်အကူပြုသင်တန်းနှင့် လုပ်ငန်းများ၌ တက်တက်ကြွကြွ ပါဝင်ကူညီဆောင်ရွက်ခြင်း၊

*စာမျက်နှာ ၅ ကော်လံ ၁*



**ဆွေးနွေးတင်ပြ**

**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကိုဆွေးနွေးတင်ပြစဉ်။**(သတင်းစဉ်)



**ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ၌ချမှတ်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

# ဦးတည်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ မိမိတို့ မျှော်မှန်းသည့် ပန်းတိုင်ရောက်ရှိမည်



**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးမင်းမိုးက ရန်ကုန်တိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**ထောက်ခံဆွေးနွေး**

**ရန်ကုန် အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မိုးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါ်သန္တာစောက ထောက်ခံဆွေးနွေး တင်ပြရာတွင် ခေတ်မီတိုက်တာ အိမ်ရာများစွာ တည်ဆောက်လျက်ရှိသည့်အတွက် မိသားစုထောင်ပေါင်းများစွာ တဲပေါ်မှ တိုက်ပေါ်သို့ လူနေမှု အဆင့်မြင့်မားစွာ နေထိုင်ခဲ့ကြရပြီး ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း နိုင်လွန်ကတ္တရာလမ်းများဖြစ်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်း ၁၂၅၉၀ခန့် သုံးစွဲဆောင်ရွက်ခဲ့ကြောင်း။

သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ၃ဒသမ ၅ဘီလီယံကုန်ကျမည့် ရန်ကုန်မြို့တော် ရေပေးဝေရေး (ငမိုးရိပ်) စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်း ပြီးစီးပါက ရေဂါလန် ၁၃၅သန်းရရှိမည်ဖြစ်ကြောင်း။

ယခင်တက္ကသိုလ်ကောလိပ်၁၀ခု ရှိခဲ့ရာမှ ယခုအခါ ဒဂုံတက္ကသိုလ်၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ကွန်ပျူတာတက္ကသိုလ်(ရွှေပြည်သာ)၊ ရေကြောင်းပညာတက္ကသိုလ်(သန်လျင်)စသည့် တက္ကသိုလ်များအပါအဝင် တက္ကသိုလ် ၃၁ ခုအထိ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ၂၁ ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း စသည်ဖြင့်ပြောကြားသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဌွေးက ထောက်ခံဆွေးနွေးတင်ပြရာတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းအစီအစဉ်များကို စီမံကိန်းချမှတ်ရေးဆွဲထားသည်ကို အားရဖွယ်ကြားသိရကြောင်း။

လုပ်ငန်းစဉ်များကို ခြုံငုံသုံးသပ်ကြည့်လျှင်–

(က) ပြည်သူလူထု၏ လိုအပ်ချက်များကို အသင်းကြီးမှ တတ်နိုင်သမျှ ဖြည့်စွမ်းပေးခြင်း၊

(ခ) လူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) အသင်းဝင်အင်အား တိုးချဲ့စည်းရုံးခြင်းနှင့် ကျစ်လျစ်ခိုင်မာသည့် အင်အားစုဖွဲ့ထားရှိခြင်း၊

(ဃ) ရန်ကုန်တိုင်း စည်းရုံးရေးစီမံချက်ပါ လုပ်ငန်းစဉ် (၁၀) ရပ်အား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခြင်း

တို့ကို တွေ့ရှိရကြောင်း။



**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက ရန်ကုန်တိုင်းအတွင်း ပညာရည်ချွန်ဆုရရှိသူ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

### ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်ဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေးကို ရှေးရှု၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အကြိမ်ပေါင်း ၃၆၇၀ တွင် အသင်းဝင်ပေါင်း တစ်သိန်းလေးသောင်းခန့် ပါဝင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ပြည်သူများအပေါ် ကျရောက်မည့် ရောဂါများကို ကြိုတင်ကာကွယ်တားဆီးပေးနိုင်ခဲ့ကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

# ကျေးရွာများ သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရန် စက်ရေတွင်း ၅၁၉၆ တွင်း တိုးတက်တည်ဆောက်နိုင်ခဲ့

### တိုးတက်တည်ဆောက်နိုင်

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်သူရအောင်က ထောက်ခံဆွေးနွေး တင်ပြရာတွင် စိုက်ပျိုးရေးရရှိရေး ဆောင်ရွက်ရာတွင်လည်း ငမိုးရိပ်ဆည်၊ တဘူးလှရေလှောင်တမံ၊ ဘန့်ဘွေးရေလှောင်တမံ၊ ပုဂံတောင် ရေထိန်းတံခါး၊ ရွှေလှေရေထိန်းတံခါးစသည့် တည်ဆောက်ပြီးဆည်မြောင်း တာတမံ ၁၂ခု၊ တည်ဆောက်ဆဲ နှစ်ခု၊ မြစ်ရေတင်စီမံကိန်း တည် ဆောက်ပြီး ၁၅ခု၊ တည်ဆောက်ဆဲ သုံးခုနှင့် မြေအောက်ရေတင်လုပ်ငန်း ၅၅၉ခုနှင့် ရပ်ကွက်၊ ကျေးရွာများ သောက်သုံးရေဖူလုံစွာရရှိနိုင်ရန် စက်ရေတွင်း ၅၁၉၆ တွင်းကို တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁



**ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အသင်း အလုပ်အမှုဆောင် ဒေါ်သန္တာစောက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အသင်း အလုပ်အမှုဆောင် ဦးသန်းဌွေးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စား ခရိုင်အသင်း အလုပ် အမှုဆောင် ဦး ကျော် သူ ရ အောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

---

စာမျက်နှာ ၄မှ

(ဂ) အားကစားဆိုင်ရာ လုပ်ငန်းများနှင့် ကျန်းမာရေးဖွံ့ဖြိုးမှု အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ခြင်း

တို့ဖြစ်ကြောင်း။

ထို့အပြင် ဆောင်ရွက်သွားမည့် လုပ်ငန်းများမှာ–

– ဒီဇင်ဘာလအတွင်း အပတ်စဉ်စနေနေ့တိုင်း ပြုလုပ်သော လူထုလမ်းလျှောက်ပွဲများ၊ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ လွန်ဆွဲစသည့် အားကစားပြိုင်ပွဲများနှင့် လူထုလူ့ပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

– ပြည်ထောင်စုစိတ်ဓာတ် စာစီစာကုံးပြိုင်ပွဲနှင့် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲများ ကျင်းပခြင်း၊

– နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲများအား မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းအဆင့်များတွင် ခမ်းခမ်းနားနား ကျင်းပခြင်း

စသည်ဖြင့် ပြောကြားသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မိုးက ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ မိမိတို့မျှော်မှန်းသည့်ပန်းတိုင် ရောက်ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပန်းတိုင်ရောက်ရှိရေးအတွက် Working Program ဟုခေါ်သည့် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေး ဦးတည်ချက် (၄)ရပ်၊ စီးပွားရေး ဦးတည်ချက် (၄)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိရာ၌ နိုင်ငံသားအားလုံးက ပူးပေါင်းပါဝင်ကြသည့်အတွက် ဘက်စုံ ထောင့်စုံတွင် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရကြောင်း။

လမ်းပန်း ဆက်သွယ်ရေး တိုးတက် ကောင်းမွန်စေရန်အတွက် ဆောင်ရွက်မှုများအနက် ရန်ကုန်တိုင်းအတွင်းတွင် ယခင်က မြစ်ကူးတံတား နှစ်ခုသာရှိခဲ့ရာမှ ယခုအခါ ရန်ကုန်–သန်လျင်တံတား၊ အောင်ဇေယျတံတား၊ ဘုရင့်နောင်တံတား၊ မဟာဗန္ဓုလတံတား၊ ရွှေပြည်သာတံတား၊ ငမိုးရိပ်တံတားစသည့် မြစ်ကူးတံတားကြီးများအပါအဝင် တံတားကြီးပေါင်း ၂၄စင်းကို ခံ့ညားထည်ဝါစွာ တည်ဆောက်ခဲ့ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

## ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်လာ

❒ နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေး ဦးတည်ချက်(၄)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိရာ၌ နိုင်ငံသားအားလုံးက ပူးပေါင်းပါဝင်ကြသည့်အတွက် ဘက်စုံထောင့်စုံတွင် ဖွံ့ဖြိုးတိုးတက်လာ။

❒ ခေတ်မီတိုက်တာ အိမ်ရာများစွာ တည်ဆောက်လျက်ရှိသည့် အတွက် မိသားစုထောင်ပေါင်းများစွာ တဲပေါ်မှ တိုက်ပေါ်သို့ လူနေမှုအဆင့်မြင့်မားစွာ နေထိုင်ခဲ့ကြရပြီးဖြစ်။

❒ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ၃ဒသမ ၅ဘီလီယံ ကုန်ကျမည့် ရန်ကုန်မြို့တော် ရေပေးဝေရေး (ငမိုးရိပ်) စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပြီးစီးပါက ရေဂါလန် ၁၃၅ သန်း ရရှိမည်ဖြစ်။

**စာမျက်နှာ ၅ မှ**

ရန်ကုန်တိုင်းအတွင်းတွင် စက်မှုဖွံ့ဖြိုးရေးအတွက် ယခုဆိုလျှင် လှိုင်သာယာစက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန်၊ ဒဂုံမြို့သစ်တောင်ပိုင်းစက်မှုဇုန်၊ မြောက်ဥက္ကလာပစက်မှုဇုန် စသည့် စက်မှုဇုန်ကြီး ၁၀ခု တည်ဆောက်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ၃၉၈ ဒသမ ၆ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

### ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက ပညာရည်ချွန်ဆုရရှိကြသူ ကျောင်းသား ကျောင်းသူ ၁၈ဦးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးမောင်မောင်(အငြိမ်းစား)က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိကြသူ ခြောက်ဦးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်မြင့်ခင်တို့က အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသော အားကစားသမားများအား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဆုငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

### ဆုံးဖြတ်အတည်ပြု

ယင်းနောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်အောင်မြင်ရေး၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်အောင်မြင်ရေးနှင့် ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် အသင်းဝင်များအားလုံး မိဘပြည်သူများနှင့်လက်တွဲပြီး တက်တက်ကြွကြွ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆုံးဖြတ်အတည်ပြုကြောင်း ကြေညာသည်။

### ကြွေးကြော်သံများဖြင့်ရုပ်သိမ်း

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကြွေးကြော်သံများဖြင့် နံနက် ၁၀ နာရီခွဲတွင်ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**





## ကြွေးကြော်သံများကြွေးကြော်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကြွေးကြော်သံများ ကြွေးကြော်ပြီး ရုပ်သိမ်းစဉ်။** (သတင်းစဉ်)



**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်မြင့်ခင်က အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူ လူငယ်အားကစားသမားတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## အာဆီယံခရီးသွားပြပွဲ–၂၀၀၆ ဇန်နဝါရီလတွင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အာဆီယံခရီးသွားပြပွဲ–၂၀၀၆ (ASEAN Tourism Forum 2006) ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ အတွင်းကျင်းပမည်ဖြစ်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံဈေးကွက် မြှင့်တင်ရေးကော်မတီက အာဆီယံခရီးသွားပြပွဲနှင့် စပ်လျဉ်း၍ ATF Awareness Presentation ကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ရှင်းလင်းတင်ပြမည်ဖြစ်ရာ မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များ၊ တိုင်းရင်းသားပိုင်ဟိုတယ်များ၊ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ၊ ကမ္ဘာလှည့်ခရီးသည်များကို ဝန်ဆောင်မှုပေးလျက်ရှိသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များမှ စိတ်ပါဝင်စားသူများသည် ဝင်ကြေးငွေ ကျပ် ၁၀၀၀ ပေးသွင်း၍ တက်ရောက်နိုင်ကြောင်းနှင့် ဝင်ကြေးများကို ကုန်သည်ကြီးများဟိုတယ်၌ မွန်းတည့် ၁၂ နာရီမှ စတင်၍ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၈–၁၂–၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | အကပြိုင်ပွဲ |
| ၈း၀၅ | ၆။ | တေးဂီတအစီအစဉ် |
| ၈း၁၅ | ၇။ | ဖြူးချောင်းတံတား |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Grammar made Easy |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၀၅ | ၅။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ် |
| ၁၄း၄၅ | ၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း–၅၂) |
| ၁၃း၂၀ | ၇။ | ပဉ္စမအကြိမ်မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ |
| ၁၃း၃၀ | ၈။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၃း၄၅ | ၉။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၄း၅၀ | ၁။ | ၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(ပထမအကြိုဗိုလ်လုပွဲ)** |
| ၁၆း၄၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၇း၀၀ | ၃။ | တေးဂီတအစီအစဉ် |
| ၁၇း၁၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ) |
| ၁၇း၃၀ | ၅။ | အတီးပြိုင်ပွဲ |
| ၁၇း၄၅ | ၆။ | တေးဂီတအစီအစဉ် |
| ၁၈း၀၀ | ၇။ | ဖောင်းကတောရေလှောင်တမံ |
| ၁၈း၁၅ | ၈။ | တေးဂီတအစီအစဉ် |
| ၁၈း၃၀ | ၉။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၁။ | Discovery |
| ၁၉း၁၀ | ၁၂။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း–၄၁) |
| ၁၉း၄၀ | ၁၃။ | တေးဂီတအစီအစဉ် |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ |

## သုံးနှစ်ပြည့် အထိမ်းအမှတ်ကုသိုလ်ပြုပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ပန်းတနော်ဆရာတော်ကြီး စံလွန်တော်မူခဲ့သည့် သုံးနှစ်ပြည့် ကုသိုလ်ပြုပွဲကို ၁၃၆၆ ခုနှစ် နတ်တော်လဆန်း၈ရက် (ဒီဇင်ဘာ ၁၉ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မိကာရုံကျိုက်ပိကျောင်း စာသင်တိုက်ဦးစီး နာယကပဓာန နာယကချုပ် ဆရာတော် သိရီဘဒ္ဒန္တဂုဏောသနက အနုမောဒနာရေစက်ချတရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## ၁၉၈၁ခုနှစ် ဥပဒေဘွဲ့ရအာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၁၉၈၁ခုနှစ် ဥပဒေဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ ၁၉၇၉ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ဗဟန်း ၂ လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ ရွှေနေချုပ်ရုံး ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

### လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများသည် ရောင်စုံဓာတ်ပုံတစ်ပုံ၊ အမည်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်နှင့်အတူ အလှူငွေများကို ဒီဇင်ဘာ ၂၂ ရက် နောက်ဆုံးထား၍ ဒေါ်ခင်ချိုအုန်း ၀၉–၅၀၀–၆၁၉၉၊ ဒေါ်ခင်မာရီ ၀၉–၅၀၀–၄၆၆၁၊ ဦးကိုကြီး ၀၉–၉၉–၂၂၃၀၃ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်များနှင့် လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့်ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ထီးများ၊ထိုင်ခုံများ၊တံတားများ၊မီးလုံး၊မီးဆိုင်းများနှင့် အခြားလိုအပ်သောပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့်ပစ္စည်းများအား စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၃–၂၀၀၄ နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ တရားခံ ခုနစ်ဦးအား အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄ ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၄–၂၀၀၅ နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးဘုရားလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများအား နေ့စဉ် နံနက် ၄ နာရီမှ ည ၉ နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများအပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံး၊မီးဆိုင်းများ၊ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# နိုင်ငံ့တာဝန်ကိုစွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်ကြမယ့်ရဲဘော်တို့အတွက် ပဓာနအကျဆုံးကမျိုးချစ်စိတ်ဓာတ်ဖြစ် အမျိုးကိုချစ်ဖို့၊ နိုင်ငံကိုချစ်ဖို့ဆိုတာ သမိုင်းကြောင်းနဲ့အစဉ်အလာကိုသိထားပြီးလေးလေးနက်နက်ချစ်ဖို့လို

✻ ရှေ့ဖုံးမှ

**ရဲဘော်တို့–**

နိုင်ငံတော်ရဲ့တာဝန်ကို တပ်မတော်က မလွှဲသာမရှောင်သာယူလိုက်ရတဲ့အခါ နိုင်ငံတော်ရဲ့နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို အားသွန်ခွန်စိုက်ကြိုးပမ်းမြှင့်တင်နိုင်ပါမှ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ်ကို ကူးပြောင်းနိုင်မှာဖြစ်ကြောင်းတွေ့ရတယ်။

နိုင်ငံတစ်နိုင်ငံမှာ စွမ်းအားသုံးရပ်ဟာ အပြန်အလှန်အထောက်အကူပြုနေတာဖြစ်တယ်။ အဓိကအားဖြင့် စီးပွားရေးစွမ်းအားဟာ ဗဟိုချက်ဖြစ်ပြီး နိုင်ငံရေးစွမ်းအားနဲ့ကာကွယ်ရေးစွမ်းအားတို့ကိုပါ ထောက်မနိုင်တာဖြစ်တယ်။

### အကောင်အထည်ဖော်လျက်ရှိ

ဒါကြောင့် မိဘပြည်သူရဲ့ဆန္ဒကို ဦးထိပ်ထားတဲ့ တပ်မတော်ဟာ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းအပေါ် ပို့ဆောင်နိုင်ဖို့အတွက် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားနိုင်ငံရေးလမ်းစဉ်အဖြစ် ဦးထိပ်ရွက်ပန်ဆင်ပြီး ဦးတည်ချက် (၁၂)ရပ်ကိုချမှတ်ဆောင်ရွက်ခဲ့တယ်။ ယနေ့ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေတဲ့အခြေခံအဆောက်အအုံတွေဟာ နေရာတိုင်း၊ ဒေသတိုင်းလိုလိုမှာ ဖြစ်ထွန်းပေါ်ပေါက်လာပြီဖြစ်တယ်။ ဒါကြောင့် အေးချမ်းသာယာတည်ငြိမ်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ်ကို နိုင်ငံတော်ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ အကောင်အထည်ဖော်လျက်ရှိတယ်။

**ရဲဘော်တို့–**

တပ်မတော်ဟာ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်** တည်ဆောက်ရေးကိုဆောင်ရွက်ရင်း ဖွံ့ဖြိုးတိုးတက်လာမယ့် နိုင်ငံတော်ကို ကာကွယ်ဖို့ **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ခေတ်မီတပ်မတော်** တစ်ရပ် တည်ဆောက်ရေးကိုလဲ တိုးတက်လာတဲ့ ခနအင်အားအလျောက် မြှင့်တင်ဆောင်ရွက်လျက်ရှိတယ်။ ရဲဘော်တို့ဟာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီတပ်မတော်အတွက် လူသားအရင်းအမြစ်တွေဖြစ်တဲ့နည်းတူ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြရမယ့် သားကောင်းရတနာတွေလဲဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ **နှောင်တစ်ခေတ်၏ အောင်စစ်သည်** ဆိုတဲ့ စစ်တက္ကသိုလ်ရဲ့ဆောင်ပုဒ်ကို ယနေ့ကပင် စတင်အကောင်အထည်ဖော်ကြရမယ့်သူများဖြစ်ကြောင်း ပြောကြားလိုတယ်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြစဉ်။**
(သတင်းစဉ်)

### အမိမြေဖြစ်

မြစ်ဝှမ်းဒေသနဲ့ မြေနိမ့်လွင်ပြင်တွေ၊ မြင့်မားတဲ့တောင်တန်းကြီးများနဲ့ ကုန်းပြင်မြင့်တွေ၊ တို့မြေပေါ်မှာပဲစပြီး တို့မြေပေါ်မှာပဲဆုံးတဲ့ ကိုယ်ပိုင်မြစ်တွေ၊ မြေဆီမြေနှစ်ကောင်းပြီး အဖိုးတန်ကျောက်မျက်ရတနာနဲ့ သယံဇာတပေါကြွယ်ဝတဲ့မြေ၊ သဘာဝအနေအထားကောင်းမွန်တဲ့ ပင်လယ်ပိုင်နက်၊ သမမျှတတဲ့ ရာသီဥတုတွေနဲ့ မြတ်နိုးဖွယ်ကောင်းတဲ့ တို့နိုင်ငံဟာ ရှေးပဝေသဏီကပင် တို့ဘိုး တို့ဘွားတွေက ခုတ်ထွင်ရှင်းလင်းပြီး ဓားမဦးချလုပ်ကိုင်စားသောက်ခဲ့ကြတဲ့ အမိမြေဖြစ်တယ်။ *စာမျက်နှာ ၈ ကော်လံ ၁ သို့*

## အားသွန်ခွန်စိုက် ကြိုးပမ်းမြှင့်တင်

**နိုင်ငံတော်ရဲ့တာဝန်ကို တပ်မတော်က မလွှဲသာမရှောင်သာ ယူလိုက်ရတဲ့အခါ နိုင်ငံတော်ရဲ့နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို အားသွန်ခွန်စိုက် ကြိုးပမ်း မြှင့်တင်နိုင်ပါမှ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ်ကို ကူးပြောင်းနိုင်မှာဖြစ်တယ်။**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြစဉ်။**
(သတင်းစဉ်)



**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများကို တွေ့ရစဉ်။**
(သတင်းစဉ်)

**ရဲဘော်တို့–**

ရဲဘော်တို့ဟာ တိုင်းရင်းသားမိဘတွေက မွေးဖွားလာတဲ့ ရင်နှစ်သည်းချာတွေဖြစ်တယ်။ နိုင်ငံအတွက် အသက်ကိုစွန့်ခြင်းဟာ စစ်သားဂုဏ်ရည်လို့ ခံယူထားတဲ့ တပ်မတော်အတွင်းကို သန္နိဋ္ဌာန်စိတ်နဲ့ ရဲဘော်တို့ ဝင်ရောက်ခဲ့ကြတယ်။ အစဉ်အလာကြီးမားတဲ့ စစ်တက္ကသိုလ်ကြီးက ရဲဘော်တို့ကိုခြေလျင်တပ်စုမှူးတစ်ဦးတတ်အပ်တဲ့ စစ်ပညာနဲ့ ခေတ်မီတက္ကသိုလ်ပညာတွေကို သင်ကြားပေးခဲ့ပြီးဖြစ်တယ်။ ဒါ့အပြင် တကယ့်ယောက်ျားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကိုပါ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်တယ်။

**ရဲဘော်တို့–**

နိုင်ငံ့တာဝန်ကို စွန့်လွှတ်စွန့်စားစွာ ထမ်းဆောင်ကြမယ့်ရဲဘော်တို့အတွက် ပဓာနအကျဆုံးကတော့ မျိုးချစ်စိတ်ဓာတ်ဖြစ်တယ်။ အမျိုးကိုချစ်ဖို့၊ နိုင်ငံကိုချစ်ဖို့ဆိုတာ သမိုင်းကြောင်းနဲ့ အစဉ်အလာကို သိထားပြီး လေးလေးနက်နက်ချစ်ဖို့လိုတယ်။

# နိုင်ငံတစ်နိုင်ငံတွင် စွမ်းအားသုံးရပ် အပြန်အလှန်အထောက်အကူပြု၊ အဓိကအားဖြင့် စီးပွာ
# နိုင်ငံတော်၏ နိုင်ငံရေး၊စီးပွားရေး၊ကာကွယ်ရေးစွမ်းအားကို အားသွန်ခွန်စိုက်ကြိုးပမ်း





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း တင်မောင်လတ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)





**စာမျက်နှာ ၇ မှ**

တို့ဘိုး တို့ဘွား တစ်နွယ်တည်းက ဆင်းသက်လာခဲ့ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေဟာ တို့နိုင်ငံမှာ အေးအတူပူအမျှ စုပေါင်းနေထိုင်ခဲ့ကြတယ်။ တို့တိုင်းရင်းသားအားလုံးဟာ မွေးဖွားသည်နဲ့ တစ်ပြိုင်နက် နိုင်ငံသားဖြစ်ကြတဲ့ တူညီသောအခွင့်အရေးနဲ့ နေထိုင်ခဲ့ကြတာဟာ နှစ်ပရိစ္ဆေဒရှည်ကြာခဲ့ပြီ ဖြစ်တယ်။

## ကိုယ်ပိုင်ယဉ်ကျေးမှု

ကတိသစ္စာတည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ်ပွင့်လင်းခြင်း၊ ဖော်ရွေခြင်း၊ ရက်ရောခြင်း၊ အားနာတတ်ခြင်း၊ စိတ်ရင်းစေတနာကောင်းခြင်းစတဲ့ အင်္ဂါရပ်တွေဟာ တိုင်းရင်းသားအားလုံးမှာ တူညီစွာရှိနေကြပြီး တို့လူမျိုးရဲ့ စရိုက်လက္ခဏာဖြစ်နေတာကို တွေ့ရလိမ့်မယ်။ ဒါ့အပြင် တို့မှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထင်ရှားစေတဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတွေလဲ အထင်ကရ ရှိတယ်။

## သမိုင်းမှာအထင်အရှားဖြစ်

**ရဲဘော်တို့–**

တို့လူမျိုးဟာ ရှည်လျားတဲ့သမိုင်းကြောင်းရှိပြီး သမိုင်းတစ်လျှောက်လုံးမှာလဲ သတ္တိပြောင်ခဲ့တဲ့ လူမျိုးဖြစ်တယ်။ နယ်ချဲ့လိုတဲ့ ဗီဇစိတ်မရှိဘဲ သူ့ရဲကောင်းဝါဒအရ ဘုန်းလက်ရုံးအာဏာကို ပြသစည်းရုံးတတ်တဲ့ လူမျိုးဖြစ်တယ်။ စွမ်းရည်ထက်မြက်တဲ့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းမြတ်တို့ဟာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နဲ့ တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်နိုင်ခဲ့ကြတယ်။ အဲဒီမင်းမြတ်တွေဟာ သူတို့လက်ထက်အသီးသီးမှာ နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို တည်ဆောက်နိုင်ကြတာကြောင့် နိုင်ငံတော်ဟာ အင်အားတောင့်တင်းခဲ့တယ်။ သို့သော် ကာကွယ်ရေးစွမ်းအား နိမ့်ပါးသွားတဲ့အခါမှာတော့ တို့လူမျိုးတွေဟာ သူတစ်ပါးပြသမျှနုခဲ့ရတယ်။ ဒါပေမယ့် သူ့ကျွန်မခံတဲ့ ဇာတိမာန်နဲ့ တပ်နဲ့ပြည်သူ တစည်းတလုံးတည်း လက်တွဲကာ ရဲရဲတောက်တော်လှန်ခဲ့တဲ့ အစဉ်အလာဟာလဲ သမိုင်းမှာ အထင်အရှား ဖြစ်တယ်။

## မျိုးချစ်တပ်မတော်ရဲ့ စိတ်ဓာတ်

ရဲဘော်တို့ဟာ သမိုင်းရဲ့အမွေကို ခံယူရမယ်။ အစဉ်အလာကြီးမားတဲ့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးပြီး တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်ကြရမယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့သစ္စာကို စောင့်သိရမယ်။ ဒါဟာ မျိုးချစ်တပ်မတော်ရဲ့ စိတ်ဓာတ်ပဲဖြစ်တယ်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

# ဖြင့် စီးပွားရေးစွမ်းအားသည် ဗဟိုချက်ဖြစ်ပြီး နိုင်ငံရေးနှင့်ကာကွယ်ရေးစွမ်းအားကို ထောက်မနိုင် ကြိုးပမ်းမြှင့်တင်နိုင်မှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းနိုင်မည်





## မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည့် စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၄၇)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)





## (ကွန်ပျူတာသိပ္ပံ)ဆု

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် စာပေထူးချွန် (ကွန်ပျူတာသိပ္ပံ)ဆု ရရှိသူ ဗိုလ်လောင်း ဇော်ဇော်နိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

## အလေးပြုခြင်းခံယူ

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် စစ်တက္ကသိုလ် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူစဉ်။ (သတင်းစဉ်)

## စာပေထူးချွန်(သိပ္ပံ)ဆု

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် စာပေထူးချွန်(သိပ္ပံ)ဆု ရရှိသူ ဗိုလ်လောင်းကျော်သူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အောင်နိုင်လင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)



18-12 (09).p65 9 3/25/05, 10:37 PM

# မြို့တော်ကြီး၏အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်နေသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

**သတင်းထောက် သန်းဆွေ (ပန်းဘဲတန်း)**





**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပစေရန် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က အနော်ရထာလမ်းတစ်လျှောက် လူသွားစင်္ကြံများ ခင်းကျင်းနေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ဌာနမှူး ဦးဗိုလ်ဌေးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြနေစဉ်။**

(မြို့တော်စည်ပင်)

ယနေ့ နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်အရ မြန်မာနိုင်ငံနယ်နိမိတ်နှင့် ဆက်စပ်နေကြသည့် နိုင်ငံများက ထွက်ကုန်ပစ္စည်းများ ရန်ကုန်မြို့တော်သို့ ကုန်းလမ်းခရီးဖြင့် အများဆုံးဝင်ရောက်လာသကဲ့သို့ မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများသည်လည်း အိမ်နီးချင်းနိုင်ငံများသို့ ကုန်းလမ်းခရီးဖြင့် တင်ပို့ကြသည်။

အလားတူပင် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ မြို့နယ်၊ ကျေးရွာများကလည်း လူမှုရေး၊ စီးပွားရေးအရ ရန်ကုန်မြို့တော်နှင့်ဆက်သွယ်ရာ ကုန်းလမ်းခရီးကိုသာ အများဆုံး အသုံးပြုကြသည်။ ထို့ကြောင့် ကုန်းလမ်းခရီးသည် စာရေးသူတို့နိုင်ငံတွင် အရေးပါ အရာရောက်လှသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြို့သစ်များ အစီအရီပေါ်ပေါက်လာသကဲ့သို့ လမ်းဟောင်းများ ပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်း၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ခြင်းလုပ်ငန်းများလည်း မြောက်မြားစွာ ပေါ်ထွက်လာသည်။

ရန်ကုန်မြို့တော်ကြီးကို ဥယျာဉ်မြို့တော်ကြီးအဖြစ်သို့ ရောက်ရှိလာစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဘက်ပေါင်းစုံမှ တာဝန်ယူလုပ်ဆောင်လျက်ရှိသည်။

ရန်ကုန်မြို့တော်ကြီး အဆင့်မြင့်သာယာလှပစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မိမိလက်အောက်တွင်ရှိသည့် ဌာနကြီး ၂၀ အနက် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ကို မြို့တော်ကြီးရှိ လမ်းများ၊ တံတားများ၊ စင်္ကြံများ၊ ရေမြောင်းများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်ဖောက်လုပ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်စေလျက်ရှိပါသည်။

အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သည် လမ်းဆုံများ၊ အဝိုင်းများ၊ အဝိုင်းပတ်လမ်းများ၊ အလွတ်မောင်းယာဉ်ကြောများ တိုးချဲ့မွမ်းမံခြင်း၊ လမ်းဆုံများ အဆင့်မြင့်မွမ်းမံခြင်း၊ ကမ္ဘာအေးဘုရားလမ်း၊ ကမ်းနားလမ်းတို့ကို ခြောက်လမ်းသွားတိုးချဲ့၍ နိုင်လွန်ကတ္တရာ၊ ကွန်ကရစ်လမ်းသစ်များအဖြစ် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ မြေသားမြောင်းများကိုလည်း အုတ်ရေမြောင်းများ၊ ကွန်ကရစ်ရေမြောင်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တော် နေရာအတော်များများတွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကတ္တရာလမ်းသား အကြီးစားပြုပြင်၍ အဆင့်တိုးမြှင့်ခြင်း၊ တစ်နည်း ထပ်ပိုးလွှာတင်၍ လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် ပွင့်လင်းရာသီတွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို လမ်းပေါင်း ၆၇ လမ်း ပြီးပြတ်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါလမ်းများ၏ စာရင်းကို ဖော်ပြရပါလျှင်–

### ၂၀၀၄–၂၀၀၅ ခုနှစ် နိုင်လွန်ကတ္တရာခင်းမည့်လမ်းများ

| စဉ် | မြို့နယ် | လမ်းအမည် | အရှည်(ပေ) | အကျယ်(ပေ) |
|---|---|---|---|---|
| ၁။ | လမ်းမတော်မြို့နယ် | ကမ်းနားလမ်း | ၄၄၆၆ | ၇၂ |
| ၂။ | လမ်းမတော်မြို့နယ် | အနော်ရထာလမ်း | ၃၅၈၅ | ၅၀ |
| ၃။ | လသာမြို့နယ် | အနော်ရထာလမ်း | ၁၉၀၀ | ၇၁ |
| ၄။ | လသာမြို့နယ် | ဗိုလ်ရွဲလမ်း | ၁၆၈၈ | ၃၀ |
| ၅။ | ပန်းဘဲတန်းမြို့နယ် | ဗိုလ်ဆွန်ပက်လမ်း | ၂၇၉၂ | ၃၀ |
| ၆။ | ပန်းဘဲတန်းမြို့နယ် | အနော်ရထာလမ်း | ၁၈၇၀ | ၆၀ |
| ၇။ | ကျောက်တံတားမြို့နယ် | အနော်ရထာလမ်း | ၂၀၅၀ | ၅၀ |
| ၈။ | ကျောက်တံတားမြို့နယ် | ဗိုလ်ချုပ်လမ်း | ၂၁၀၀ | ၆၀ |
| ၉။ | ကျောက်တံတားမြို့နယ် | ဆူးလေဘုရားလမ်း | ၄၆၂၅ | ၇၂ |
| ၁၀။ | ဗိုလ်တထောင်မြို့နယ် | ကမ်းနားလမ်း | ၄၆၉၆ | ၇၂ |
| ၁၁။ | ဗိုလ်တထောင်မြို့နယ် | အနော်ရထာလမ်း | ၂၁၉၈ | ၅၁ |
| ၁၂။ | ဗိုလ်တထောင်မြို့နယ် | ဗိုလ်ချုပ်လမ်း | ၂၀၀၂ | ၆၀ |
| ၁၃။ | ဗိုလ်တထောင်မြို့နယ် | ဗိုလ်မြတ်ထွန်းလမ်း | ၂၄၃၀ | ၅၀ |
| ၁၄။ | ဗိုလ်တထောင်မြို့နယ် | ဗိုလ်တထောင်ဘုရားလမ်း | ၁၅၆၀ | ၅၁ |
| ၁၅။ | ပုဇွန်တောင်မြို့နယ် | အနော်ရထာလမ်း | ၂၅၀၀ | ၅၃ |
| ၁၆။ | ပုဇွန်တောင်မြို့နယ် | ဗိုလ်ချုပ်လမ်း | ၂၆၉၃ | ၅၄ |
| ၁၇။ | ပုဇွန်တောင်မြို့နယ် | ရေကျော်လမ်း | ၁၆၄၇ | ၄၇ |
| ၁၈။ | ပုဇွန်တောင်မြို့နယ် | ဗိုလ်တထောင်ဘုရားလမ်း | ၁၇၄၆ | ၄၆ |
| ၁၉။ | အလုံမြို့နယ် | ကမ်းနားလမ်း | ၈၅၀၀ | ၇၂ |
| ၂၀။ | အလုံမြို့နယ် | အလုံလမ်း | ၁၀၀၀ | ၃၅ |
| ၂၁။ | ကြည့်မြင်တိုင်မြို့နယ် | ကမ်းနားလမ်း | ၉၈၅၀ | ၇၂ |
| ၂၂။ | မင်္ဂလာတောင်ညွန့် | အလံပြဘုရားလမ်း | ၂၇၃၀ | ၅၀ |
| ၂၃။ | မင်္ဂလာတောင်ညွန့် | ဂျိုးဖြူလမ်း | ၃၅၉၆ | ၅၀ |
| ၂၄။ | မင်္ဂလာတောင်ညွန့် | ဗညားဒလလမ်း | ၂၆၃၀ | ၅၂ |
| ၂၅။ | မင်္ဂလာတောင်ညွန့် | မြန်မာ့ဂုဏ်ရည်လမ်း | ၃၆၀၀ | ၅၀ |
| ၂၆။ | မင်္ဂလာတောင်ညွန့် | ကန်ပတ်လမ်း | ၆၃၅၀ | ၄၄ |
| ၂၇။ | မင်္ဂလာတောင်ညွန့် | နတ်မောက်လမ်း | ၆၃၄၃ | ၅၀ |
| ၂၈။ | ဒဂုံမြို့နယ် | အလုံလမ်း(ပြည်လမ်းနှင့် ဦးဝိစာရလမ်းကြား) | ၂၀၀၀ | ၅၀ |
| ၂၉။ | ဒဂုံမြို့နယ် | ဦးထောင်ဘိုလမ်း | ၂၈၅၄ | ၅၆ |
| ၃၀။ | ဗဟန်းမြို့နယ် | အနောက်ရွှေဂုံတိုင်လမ်း | ၄၀၇၀ | ၅၀ |
| ၃၁။ | ဗဟန်းမြို့နယ် | ဓမ္မစေတီလမ်း | ၅၀၅၅ | ၆၄ |
| ၃၂။ | ဗဟန်းမြို့နယ် | ဦးချစ်မောင်လမ်း | ၆၁၀၀ | ၇၄ |
| ၃၃။ | ဗဟန်းမြို့နယ် | အင်းလျားမြိုင်လမ်း | ၆၆၂၀ | ၁၆ |
| ၃၄။ | ဗဟန်းမြို့နယ် | ကမ္ဘာအေးဘုရားလမ်း (ကြားတောရနှင့်ရွှေဂုံတိုင်လမ်းကြား) | ၂၈၀၀ | ၇၂ |
| ၃၅။ | စမ်းချောင်းမြို့နယ် | ဓမ္မစေတီလမ်း | ၁၉၂၀ | ၅၂ |
| ၃၆။ | စမ်းချောင်းမြို့နယ် | ဗားကရာလမ်း | ၆၄၅၀ | ၇၂ |
| ၃၇။ | သင်္ဃန်းကျွန်းမြို့နယ် | သံသုမာလမ်း | ၁၇၃၇၂ | ၃၀ |
| ၃၈။ | လှိုင်မြို့နယ် | ပါရမီလမ်း | ၆၆၅၀ | ၄၄ |
| ၃၉။ | သာကေတမြို့နယ် | သန်လျင်တံတားချဉ်းကပ်လမ်း | ၄၂၅၀ | ၄၄ |
| ၄၀။ | တာမွေမြို့နယ် | ဗညားဒလလမ်း | ၇၇၅၀ | ၇၄ |
| ၄၁။ | ရန်ကင်းမြို့နယ် | ရန်ကင်းလမ်း | ၄၅၀၀ | ၄၈ |
| ၄၂။ | ရန်ကင်းမြို့နယ် | ပါရမီလမ်း | ၂၀၀၀ | ၆၆ |
| ၄၃။ | ကမာရွတ်မြို့နယ် | ချင်းတွင်းလမ်း | ၁၇၂၁ | ၁၈ |
| ၄၄။ | ကမာရွတ်မြို့နယ် | ဘုရင့်နောင်လမ်း | ၃၈၅၀ | ၂၄ |
| ၄၅။ | လှိုင်မြို့နယ် | မင်းဓမ္မလမ်း | ၁၅၀၁ | ၄၈ |
| ၄၆။ | လှိုင်မြို့နယ် | ဘုရင့်နောင်လမ်း | ၁၁၄၅၇ | ၂၄ |
| ၄၇။ | မရမ်းကုန်းမြို့နယ် | မင်းဓမ္မလမ်း | ၃၈၄၀ | ၄၈ |
| ၄၈။ | မရမ်းကုန်းမြို့နယ် | ကျိုက်ဝိုင်းဘုရားလမ်း | ၉၂၆၀ | ၇၂ |
| ၄၉။ | မရမ်းကုန်းမြို့နယ် | သမိုင်းဘူတာရုံလမ်း | ၄၄၀၀ | ၄၈ |
| ၅၀။ | မရမ်းကုန်းမြို့နယ် | ဂန္ဓမာလမ်း | ၅၂၄၀ | ၄၀ |
| ၅၁။ | မရမ်းကုန်းမြို့နယ် | ဘုရင့်နောင်လမ်း | ၃၁၀၀ | ၂၄ |
| ၅၂။ | အင်းစိန်မြို့နယ် | ပြည်လမ်း(လေဆိပ်လမ်းနှင့်သီရိမင်္ဂလာလမ်းကြား) | ၁၀၅၀၀ | ၇၂ |
| ၅၃။ | အင်းစိန်မြို့နယ် | ဘုရင့်နောင်လမ်း | ၁၄၀၅၀ | ၂၄ |
| ၅၄။ | အင်းစိန်မြို့နယ် | အောက်မင်္ဂလာဒုံလမ်း | ၁၁၇၄၁ | ၄၄ |
| ၅၅။ | အင်းစိန်မြို့နယ် | မင်းဓမ္မလမ်း | ၆၀၀၀ | ၄၈ |
| ၅၆။ | မြောက်ဥက္ကလာပမြို့နယ် | သုနန္ဒာလမ်း | ၇၇၀၀ | ၂၂ |
| ၅၇။ | မြောက်ဥက္ကလာပမြို့နယ် | သံသုမာလမ်း | ၅၂၀၀ | ၄၈ |
| ၅၈။ | မြောက်ဥက္ကလာပမြို့နယ် | သုဓမ္မာလမ်း | ၂၂၅၀၀ | ၂၄ |
| ၅၉။ | မြောက်ဥက္ကလာပမြို့နယ် | အမရာလမ်း | ၂၆၀၀ | ၄၈ |
| ၆၀။ | ဒဂုံမြို့သစ်(တောင်ပိုင်း) | အမှတ်(၂)လမ်း | ၁၀၅၆၀ | ၂၂ |
| ၆၁။ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ပြည်ထောင်စုလမ်း | ၆၃၈၀ | ၂၂ |
| ၆၂။ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ပုလဲရတနာလမ်း | ၄၀၀၀ | ၁၈ |
| ၆၃။ | ဒဂုံမြို့သစ်(တောင်ပိုင်း) | အောင်ဇေယျလမ်း | ၄၀၀၀ | ၁၈ |
| ၆၄။ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ပြည်ထောင်စုလမ်း | ၆၀၀၀ | ၂၄ |
| ၆၅။ | တောင်ဥက္ကလာပမြို့နယ် | သံသုမာလမ်း | ၁၀၃၀၀ | ၂၄ |
| ၆၆။ | တောင်ဥက္ကလာပမြို့နယ် | ပါရမီလမ်း | ၆၅၀၀ | ၄၈ |
| ၆၇။ | ရွှေပြည်သာမြို့နယ် | အမှတ်(၄)လမ်းမကြီး | ၁၄၃၀၀ | ၂၂ |

ဖော်ပြပါလမ်းများအနက် အချို့မှာ ပြီးစီးနေပြီဖြစ်ပြီး အချို့မှာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ လမ်းအချို့သည် အမည်တစ်မျိုးတည်းဖြစ်သော်လည်း ရှည်လျားသော လမ်းမကြီးများဖြစ်၍ မြို့နယ်အသီးသီးတွင် အပိုင်းလိုက်ပါရှိနေခြင်း ဖြစ်သည်။

အဆင့်မြှင့်တင်နေသော လမ်းများအတွက် အလျင်မီစေရန် တစ်နေ့အေစီတန် ၃၀၀ အသုံးပြုပြီး အဆိုင်း ငါးဆိုင်းဖြင့် နိုင်လွန်ကတ္တရာများ ခင်းလျက်ရှိပါသည်။ ဆက်လက်၍ တစ်နေ့လျှင် အေစီတန် ၅၀၀ အထိ ထုတ်လုပ်အသုံးပြုပြီး အဆိုင်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အထက်ပါ မြို့တော်တွင်းနှင့် ဆင်ခြေဖုံး မြို့နယ်များ၊ မြို့သစ်များတွင် လမ်းပေါင်း ၃၇ လမ်း၊ ပေပေါင်း ၁၆၈၀၂၁ ပေကို လမ်းအမျိုးအစားလိုက်၍ အကြီးစားပြင်ဆင်လျက်ရှိရာ ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါ ၃၇ လမ်းအပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)နှင့် ပြည်သူများ ပူးပေါင်းထည့်ဝင်ငွေဖြင့် ခင်းကျင်းမည့် လမ်းပေါင်းမှာလည်း ၇၀ ကျော်ရှိသဖြင့် ကတ္တရာလမ်းအကြီးစားထပ်ပိုးလွှာမြှင့်တင်ခြင်းလုပ်ငန်းသည် စုစုပေါင်း လမ်းပေါင်း ၁၀၀ ကျော်သွားမည် ဖြစ်ပေသည်။

ကမ်းနားလမ်း အဆင့်မြှင့်လုပ်ငန်း ဆောင်ရွက်ရာတွင် ကွန်တိန်နာယာဉ် ရပ်နားစခန်းတည်ဆောက်ခြင်း လုပ်ငန်းလည်း ပါဝင်သည်။ အထက်ပါ ယာဉ်ရပ်နားစခန်း တည်ဆောက်မည့်နေရာမှာ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းတွင် ဖြစ်ပြီး နေရာအကျယ်အဝန်း အလျားပေ ၉၄၀၊ အနံပေ ၅၀ ခန့်ရှိပါသည်။ ကမ်းနားလမ်းကို ၇၂ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တည်ဆောက်ပေးထားသဖြင့် ကမ်းနားလမ်းတစ်လျှောက် မည်သည့်ယာဉ်မျှ ရပ်ခွင့်မရှိတော့ပါ။ ကမ်းနားလမ်းတွင်း ကွန်တိန်နာယာဉ်များ အများဆုံး မောင်းနှင်ဖြတ်သန်းလျက်ရှိနေသည့်အတွက် ယခုကဲ့သို့ ကွန်တိန်နာယာဉ်ရပ်နားစခန်း တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

လမ်းများကောင်းနေရုံဖြင့် လုပ်ငန်းက မပြီးစီးသေးပါ။ ခရီးသွားပြည်သူများ၊ မြို့တော်နေ ပြည်သူများအတွက် လမ်း၏အင်္ဂါရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် လူသွားစင်္ကြံများလည်း ကောင်းမွန်နေရန်အတွက်လည်း ဆောင်ရွက်ပေးရပါသည်။

မြို့တော်ဝန်က လမ်းနှင့်တံတားဌာနတွင် စင်္ကြံအဖွဲ့ တစ်ဖွဲ့ကို ထပ်မံတိုးချဲ့ဖွဲ့စည်းပေးထားသည်။ စင်္ကြံအဖွဲ့သည် လူသွားစင်္ကြံကိစ္စရပ်များကို သီးသန့် ကြပ်မတ်ဆောင်ရွက်သည့်အတွက် လုပ်ငန်းများ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရသည်။

လမ်းအဆင့်မြှင့်တင်မှုနှင့် တစ်ပြိုင်တည်းမှာပင် လူသွားစင်္ကြံများကိုပါ တစ်ဆက်တစ်စပ်တည်းဖြစ်အောင် အဆင့်မြှင့်တင်ပေးလျက်ရှိသည်။

စင်္ကြံကျောက်ပြားထုတ်လုပ်ရေးစက်ရုံက တစ်နေ့ စင်္ကြံခင်းကျောက်ပြား အချပ်ရေ ၁၀၀၀ ထုတ်လုပ်ပေးလျက်ရှိပြီး ရန်ကုန်မြို့တော်တွင် တစ်နေ့ စင်္ကြံခင်း ကျောက်ပြားအချပ်ရေ ၁၀၀၀ အပြည့်အဝ ခင်းလျက်ရှိသည်။

လမ်းအင်္ဂါရပ်တွင် နိုင်လွန်ကတ္တရာကွန်ကရစ်လမ်း၊ ကတ္တရာလမ်းသားအပြင် စင်္ကြံ၊ ရေမြောင်းတို့လည်း ပူးတွဲပါဝင်သည်။ လမ်းတစ်လမ်း သန့်ရှင်းသာယာရန်အတွက် လမ်းသားကောင်းမွန်မှုနှင့် မပြည့်စုံပေ။ စင်္ကြံ၊ ရေမြောင်းများပါ အစုံအလင်ကောင်းရန် လိုအပ်ပါသည်။ စင်္ကြံကောင်းရုံမျှဖြင့် လမ်းပေါ်ရေလျှံမှုကို မကာကွယ်နိုင်ပါ။ လမ်းပေါ်ရေလျှံပါက လမ်းသားများ ပျက်စီးနိုင်၍ ရေမြောင်းများကောင်းမွန်ပြီး ရေစီးရေလာကောင်းမွန်ရန် အထူးလိုအပ်ပါသည်။ သို့အတွက် ရေမြောင်းများ ပြုပြင်ခြင်း၊ ချဲ့ထွင်ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ခွန်စိုက်အားစိုက် ဆောင်ရွက်လျက်ရှိနေပါသည်။

အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)သည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် လမ်းသစ်များဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ အဆင့်မြှင့်တိုးချဲ့ခြင်း၊ လူသွားစင်္ကြံများ ခင်းကျင်းဆောင်ရွက်ခြင်းများအပြင် လူကူးခုံးကျော်တံတားများကိုပါ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

*စာမျက်နှာ ၈ မှ*

**ရဲဘော်တို့–**

တပ်မတော်သားဘဝကို ခံယူရရှိလာကြပြီဖြစ်တဲ့ ရဲဘော်တို့ဟာ **မျိုးချစ်စိတ်ဓာတ်အပြင် တပ်မတော်သားကောင်းစိတ်ဓာတ်**လဲရှိရမယ်။ တပ်မတော်သားကောင်းစိတ်ဓာတ်ဆိုတာ တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာတွေကို အသက်ပေးစောင့်ထိန်းမယ်ဆိုတဲ့ စိတ်ဓာတ်ပဲဖြစ်တယ်။ တို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်ဖြစ်တယ်။ စည်းကမ်းကောင်းတဲ့တပ်၊ သစ္စာရှိတဲ့တပ်၊ စည်းလုံးညီညွတ်တဲ့တပ်၊ စွမ်းရည်ရှိတဲ့တပ်၊ စွန့်လွှတ်စွန့်စားတတ်တဲ့တပ်၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးကို အဓိကသယ်ပိုးတဲ့တပ်၊ စိတ်ဓာတ်မြင့်မြတ်တဲ့တပ်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိရှိတဲ့တပ်၊ အပင်ပန်းအဆင်းရဲခံနိုင်တဲ့တပ်၊ ဖွဲ့ လုံ့လ ဝီရိယရှိတဲ့ တပ်ဖြစ်တယ်။ ဒါ့အပြင် တို့တပ်မတော်ဟာ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်တဲ့ တပ်မတော်ဖြစ်တယ်။

**တပ်မတော်သားကောင်း**

ဒါကြောင့် ရဲဘော်တို့ဟာ မွန်မြတ်တဲ့တပ်မတော်ရဲ့ အစဉ်လာတွေကို အသက်ပေးပြီး သယ်ပိုးထမ်းဆောင်မယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်ရှိမှသာ တပ်မတော်နဲ့ ထိုက်တန်တဲ့ တပ်မတော်သားကောင်းတစ်ယောက်ဖြစ်လာလိမ့်မယ်ဆိုတာ အလေးအနက် ပြောကြားလိုတယ်။

**ရဲဘော်တို့–**

ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမယ့် ရဲဘော်တို့ကို ခေါင်းဆောင်မှုနဲ့ ပတ်သက်လို့ အနည်းငယ်မှာကြားလိုတယ်။ စစ်ဘက်ခေါင်းဆောင်နဲ့ ငယ်သားတွေဟာ စစ်ဘက်ဂုဏ်ရည်တူတွေဖြစ်တယ်။ တစ်သွေးတည်း တစ်သားတည်းဖြစ်တယ်။ သို့သော် ခေါင်းဆောင်ဟာ ငယ်သားထက်ပိုမိုပြီး မိမိကိုယ်မိမိ ထိန်းကျောင်းဖြည့်ဆည်းတည်ဆောက်နိုင်သူ၊ ဗလငါးတန်သာလွန်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်သူ၊ လက်ရုံးရည် နှလုံးရည်ကောင်းပြီး သတ္တိဗျတ္တိနဲ့ပြည့်စုံသူ၊ ပညာဉာဏ်ဗဟုသုတကြွယ်ဝသူ ဖြစ်တယ်။ ဒါမှသာ ငယ်သားတွေရဲ့ ယုံကြည်အားထားခြင်းကိုခံရပြီး ခေါင်းဆောင်ဘဝကို ရရှိလာမှာဖြစ်တယ်။

**ခေါင်းဆောင်ကောင်း**

အတွေ့အကြုံရင့်ကျက်လာမှုနဲ့ မိမိကိုယ်မိမိ စဉ်ဆက်မပြတ်ဖြည့်ဆည်းမှုကြောင့် ခေါင်းဆောင်မှုအရည်အသွေးတက်လာပြီး ငယ်သားတွေဟာ မိမိရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်မှာ တညီတညွတ်တည်းရှိကြပြီဆိုရင် တာဝန်မှန်သမျှကို ကျေပွန်စွာဆောင်ရွက်နိုင်စွမ်းရှိတဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ်ကို ရရှိပြီဖြစ်တယ်။

ဒါကြောင့် ရဲဘော်တို့ဟာ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့အညီ ကျင့်ကြံနေထိုင်ကြရမယ်။ ဘဝတစ်လျှောက်လုံး မိမိကိုယ်မိမိ မြင့်မားသည်ထက်မြင့်မားအောင် အစဉ်ဖြည့်ဆည်းတည်ဆောက်ကြရမယ်။ မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကို ဦးဆောင်ပြီး တပ်မတော်ဂုဏ်ရောင်ထွန်းပြောင်အောင် စွမ်းစွမ်းတမံဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်ကို မွေးမြူကြရမယ်။

**ရဲဘော်တို့–**

နိဂုံးအားဖြင့် ပြောကြားရရင် နိုင်ငံတိုင်းမှာ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ တပ်မတော်တစ်ရပ်ဟာ မရှိမဖြစ်လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ **အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဦးအောင်ဇေယျမင်းမြတ်တို့တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်း အမွေခံလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ကြ**ပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

# ကျိုက်မရောအထက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် ကျိုက်မရောမြို့ အထက ခန်းမတွင် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အဝေးရောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများလိုက်ပါနိုင်ရန် မော်တော်ယာဉ် စီစဉ်ပေးမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၅ ရက်(စနေနေ့)နံနက် ၇ နာရီတွင် အမှတ် ၁၃၅ (မြေညီထပ်) (Royal Aluminium ဆိုင်) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကျိုက်မရောမြို့နယ်အသင်းရုံး(ရန်ကုန်)မှ မော်တော်ယာဉ်ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ဖုန်း–၀၁–၇၀၅၈၁၅၊ ၀၁–၇၀၃၀၉၂၊ ၀၁–၂၉၅၄၆၅ နှင့် ၀၁–၇၀၇၈၈၀ တို့သို့ ဆက်သွယ်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။

**(က–ပ)**



**ထိုင်းကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁၆ ရက်က အထက် ပုဇွန်တောင်ရှိ ကုန်သွယ်မှု ဗဟိုဌာန၌ ကျင်းပရာ အရောင်းပြခန်းများအား စည်ကားစွာ တွေ့ရစဉ်။**

(က–ပ)

# ဓနုဖြူတိုက်သစ်ကျောင်း တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

တောင်ဥက္ကလာပမြို့နယ်(၁၄/၂) ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၁၄)ကြိမ်မြောက် ဝိပဿနာခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၂၃ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယ အတိုင်း ကျောင်းတိုက်၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သာသန(သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာသတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ စာရင်းပေးထားသူ ယောဂီများ ဒီဇင်ဘာ၂၂ရက် ညနေ ၆ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(က–ပ)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံ၍ ဖွဲ့စည်းမှုဆိုင်ရာများနှင့် ရှေ့လုပ်ငန်းစဉ်များညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဖွဲ့ချုပ်ရုံးအစည်း အဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အဖွဲ့ချုပ်၏ ဖွဲ့စည်းမှုဆိုင်ရာများကိုလည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက လုပ်ငန်းတာဝန်များနှင့် ရှေ့လုပ်ငန်းစဉ်များရေးဆွဲရေးကိစ္စရပ်များကိုလည်းကောင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ကိစ္စရပ်များကိုလည်းကောင်း၊ သိလိုသောအကြောင်းအရာများကိုလည်းကောင်း မေးမြန်း၊ ဆွေးနွေး၊ ညှိနှိုင်းကြသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အမျိုးသမီးထုကြီးသည် နိုင်ငံတော်၏ ကျစ်လျစ်ခိုင်မာသော စွမ်းအားစုဖြစ်ရေးအတွက် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းကူညီပေးရင်းဖြင့် အခြားသော လူမှုရေးအသင်း၊ အဖွဲ့များနှင့် လက်တွဲ၍ နိုင်ငံတော်၏ လူမှုရေးဆိုင်ရာလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဒီဇင်ဘာ ၁၇

**(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံဥပစာခန်းမ၌ ကျင်းပရာ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

**(အပေါ်ပုံ)**

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ရန်ကုန်မြို့တော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယခင်နှစ်များနည်းတူ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အလံတင် အခမ်းအနားနှင့် အလေးပြုပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက် လေးရပ်ဖြစ်သော နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများက မိမိသက်ဆိုင်ရာ ကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်က အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့ခုနစ်ဖွဲ့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကိုဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းများ တိုင်းရင်းသားပြည်သူများ အထူးစိတ်ဝင်စား

**သတင်းဆောင်းပါး–ကျော်ရွှေ၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးများသည် တိုင်းရင်းသားပြည်သူအများစု၏ ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းက ဖြည့်ဆည်း စောင့်ရှောက်ပေးလျက်ရှိသည်။ အဖိုးနှုန်းချိုသာသော မြန်မာ့တိုင်းရင်းဆေးများသည် သာမန်ရောဂါငယ်များကိုသာမက ရောဂါကြီးများကိုပါ ထိရောက်ပျောက်ကင်းအောင် စွမ်းဆောင်ပေးလျက်ရှိသည်။

## ဝယ်ယူအားပေးလျက်ရှိ

ယခုအခါ နိုင်ငံတော်၏ အားပေးကူညီပေးမှုဖြင့် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးများကို တစုတစည်းတည်း ပေါင်းရုံးပြသနိုင်ရန် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ခင်းကျင်းပြသလျက်ရှိရာ တိုင်းရင်းသားပြည်သူရဟန်းရှင်လူများ၊ ရောဂါဝေဒနာရှင်များ၊ လေ့လာသူများ၊ သုတေသီများက ပြပွဲကြီးသို့ လာရောက်လေ့လာ ဝယ်ယူအားပေးလျက်ရှိသည်။



**ဆေးစစ်ဆေးမှန်ဖြင့် စားသုံးသူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်အောင် GMP စနစ်ဖြင့် ထုတ်လုပ်ထား။ *ဒေါ်တင်သန်းငွေ***
*မောရိယဆေးတိုက်*
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

အဆိုပါ ပြပွဲကြီးတည်ရှိရာသို့ မြန်မာ့အလင်းသတင်းစာမှ သတင်းဆောင်းပါးအဖွဲ့က သွားရောက်လေ့လာပြီး တွေ့ဆုံမေးမြန်းခဲ့ရာ ဦးစွာပထမ မောရိယမန်းဆေး ဆေးတိုက်မှ ဒေါ်တင်သန်းငွေနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “ယခုပြပွဲကြီးတွင် ကျွန်မတို့ လာရောက်ပြသတာ ငါးနှစ်ရှိပြီဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်လာကြောင်း၊ ပြပွဲကြီးမှာ သုံးစွဲသူများနှင့် ထုတ်လုပ်သူများ တိုက်ရိုက် ထိတွေ့ခွင့်ရပြီး လူနာလိုအပ်ချက်၊ ဆေးလိုအပ်ချက်များကို သိရှိခဲ့ရကြောင်း၊ နိုင်ငံတစ်ဝန်း သုံးစွဲသူပိုမိုများပြားလာသည်နှင့်အမျှ ပြည်ပနိုင်ငံများသို့တိုင် ရောက်ရှိပျံ့နှံ့နေပြီဖြစ်ကြောင်း၊ ဆေးစစ် ဆေးမှန်ဖြင့် သုံးစွဲသူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်အောင် GMP စနစ်ဖြင့် ထုတ်လုပ်ထားပါကြောင်း” ရှင်းလင်းပြောကြားသွားသည်။

ဆက်လက်၍ အလင်းရောင်ဆေးတိုက်မှ ဦးစိုးတင့်က ပြောကြားရာ



**အိမ်သုံးတိုင်းရင်းဆေးများသည် ဆေးမှန်၊ ဈေးမှန်သဖြင့် သုံးစွဲသူများ ယုံယုံကြည်ကြည် စားသုံးလာကြ၍ ရောဂါဝေဒနာများ ပျောက်ကင်း။**
***ဦးစိုးတင့်***
*အလင်းရောင်ဆေးတိုက်*
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

တွင် “အလင်းရောင်ဆေးတိုက်မှ တိုင်းရင်းဆေးစွမ်းကောင်း ဆေးကိုးမျိုးထုတ်လုပ်သည့်အနက် အရောင်းရတွင်ကျယ်ပြီး ပြည်သူများအသုံးများသော မျက်စိအားတိုးဆေး၊ မျက်စိအားပေး အကြောပဒေသာဆေး၊ အစာကြေ လေပုပ်ထုတ်ဆေးများကို အဓိကထား ထုတ်လုပ်လျက်ရှိကြောင်း” ပြောကြားသည်။

## ကောင်းသတင်းဆောင်

အလင်းရောင်ဆေးတိုက်မှ ထုတ်လုပ်သော အိမ်သုံးတိုင်းရင်းဆေးများသည် ဆေးမှန်၊ ဈေးနှုန်းမှန်သဖြင့် သုံးစွဲသူများ ယုံယုံကြည်ကြည် သုံးစွဲလာကြ၍ ရောဂါဝေဒနာများ ပျောက်ကင်းကာ အလင်းရောင်၏ ကောင်းသတင်းကို ဆောင်လျက်ရှိကြောင်း” ပြောကြားသည်။

ထို့နောက် ထွန်းရွှေဝါဆေးတိုက်မှ ဆရာဦးထွန်းရွှေက “မြန်မာတိုင်းရင်းဆေးပြပွဲကြီး ကျင်းပခဲ့ရာတွင် ငါးကြိမ်တိုင်တိုင် ပါဝင်ဆင်နွှဲလာပြီးဖြစ်သလို ရောင်းအားလည်း ပိုမိုတိုးတက်လာကြောင်း၊ ထွန်းရွှေဝါ ဆေးစွမ်းကောင်းများကို ၁၁ မျိုး ထုတ်လုပ်လျက်ရှိရာ အကြောပြေလိမ်းဆေး၊ ပန်းပေါင်းစုံရှုဆေး၊



**ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် တစ်ထောင့်တစ်နေရာမှ အထောက်အကူ ရရှိစေသည့်အတွက် ဝမ်းမြောက်မိ။**
***ဦးထွန်းရွှေ***
*ထွန်းရွှေဝါဆေးတိုက်*
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

သွေးတိုးကျဆေးနှင့် သွေးဆေးလျက်ဆား၊ နှလုံးအားတိုးဆေး စသည်များ ပြခန်းတွင် ပြသ ရောင်းချလျက်ရှိကြောင်း။

၁၉၉၅ ခုနှစ်ကစ၍ ဆေးဝါးထုတ်လုပ်ခဲ့ပြီး ပြည်တွင်းမှာသာမက အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိ၍ တိုင်းရင်းဆေးစွမ်းကောင်းများ၏ သတင်းကိုဂုဏ်ယူမိသလိုအများပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့်တစ်ထောင့်တစ်နေရာမှအထောက်အကူရရှိစေသည့်အတွက် ဝမ်းမြောက်မိကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ဖြူစင်မေတ္တာဆေးတိုက်မှ ဆရာဦးကျော်စိန်နှင့်



**နိုင်ငံခြားဆေးဝါးများ၏ နေရာမှာ အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများကို စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ဖို့ ရည်ရွယ်ထုတ်လုပ်။**
***ဦးကျော်စိန်***
*ဖြူစင်မေတ္တာဆေးတိုက်*
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

တွေ့ဆုံရာတွင် ဦးကျော်စိန်က “နိုင်ငံတော်၏ ကျန်းမာရေး စောင့်ရှောက်မှုကို မြန်မာ့တိုင်းရင်းဆေးဖြင့် ပိုမိုတိုးမြှင့် စောင့်ရှောက်နိုင်ဖို့၊ နိုင်ငံခြားဆေးဝါးများ၏နေရာမှာ အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများကို စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ဖို့ ရည်ရွယ်ထုတ်လုပ်လျက်ရှိကြောင်း။

## ဘေးဥပဒ်ကင်း

လူအများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော ရောဂါတွေထဲမှာ အပါအဝင်ဖြစ်သည့် အသည်းရောဂါ (အထူးသဖြင့်) အသည်းရောင်၊ အသားဝါ၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းအဆီဖုံး၊ အသည်းကြီး၊ အသည်းအနာဖြစ်မှုအတွက် အစွမ်းထက် သဘာဝဆေးမြစ်၊ ဆေးဥတို့ကို အရည်အသွေးပြည့်မီအောင် စနစ်တကျ ဖော်စပ်ထားသည့်အတွက် ဘေးဥပဒ်ကင်းရှင်းစွာ သုံးစွဲနိုင်ကြောင်း၊ အသည်းရောဂါများအတွက်သာမက နှလုံးရောဂါများနှင့် ကျောက်ကပ်ရောဂါများအတွက်ပါ နှစ်ပေါင်း ၃၀ ကျော် ကုသအောင်မြင်လာခဲ့သော ကုထုံးများအပေါ် အခြေခံပြီး ထုတ်လုပ်ထားကြောင်း” ရှင်းလင်းပြောကြားသည်။



**မျက်စိနှင့်ပတ်သက်၍ ဝေဒနာခံစားနေရသူများ သက်သာပျောက်ကင်းစေဖို့ ဝိဇ္ဇာမျက်လုံး တိုင်းရင်းဆေးစွမ်းကောင်းများဖြင့် ကုသစောင့်ရှောက်ပေးလျက်ရှိ။**
***ဒေါ်လှလှယဉ်***
*ဝိဇ္ဇာမျက်လုံးဆေးတိုက်*
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

## အကျိုးဖြစ်ထွန်း

ဆက်လက်၍ ဝိဇ္ဇာမျက်လုံးဆေးတိုက်မှ ဆရာမဒေါ်လှလှယဉ်က ပြောကြားရာတွင် “ပြပွဲ စတင်သည့်နှစ်မှစ၍ နှစ်စဉ် ပါဝင်ဆင်နွှဲခဲ့ရာ ယခုနှစ်ဆိုလျှင် ငါးကြိမ်တိုင်သွားပြီဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်သူများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာသလို သုံးစွဲသူ ပြည်သူများကလည်း ယုံကြည်မှု အပြည့်ထားရှိပြီး လက်တွေ့အသုံးပြုလာသည့်အတွက် အကျိုးထိရောက်မှုများ သိသိသာသာ ရှိလာသဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း၊ ဝိဇ္ဇာမျက်လုံးဆေးတိုက်မှ မျက်စိကြည်လင်အားတိုးဆေး၊ မျက်ကွင်းဆေး၊ မျက်စဉ်းဆေး၊ ရှုဆေး၊ ဆင်တုံးမနွယ် အကြောပြေလိမ်းဆေး၊ ရာကျော် သွေးအားကောင်းဆေးနှင့် ဉာဏ်ကြီးရှင် အစာကြေဆေးများ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဖိုးအခရရှိရေးကို အဓိကမထားဘဲ စေတနာထားပြီး မျက်စိနှင့်ပတ်သက်၍ ဝေဒနာခံစားနေရသူများ သက်သာပျောက်ကင်းစေဖို့ ဝိဇ္ဇာမျက်လုံး တိုင်းရင်းဆေးစွမ်းကောင်းများဖြင့် အစဉ်ကုသ စောင့်ရှောက်ပေးလျက်ရှိကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသွားသည်။ ရှေးမြန်မာလူမျိုးတို့၏ သက်ရှည်ကျန်းမာမှုက မြန်မာ့တိုင်းရင်းဆေးပညာ၏ စွမ်းရည်ထက်မြက်မြင့်မားမှုကို ထင်ရှားစွာ ဖော်ညွှန်းပြဆိုလျက်ရှိသည်။

အရည်အသွေး ထက်မြက်မြင့်မားခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာသည် အကြောင်းအမျိုးမျိုးကြောင့် တိမ်မြုပ် ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရသည်။

မျိုးချစ်စိတ်ဓာတ်ရှိသော မြန်မာတိုင်းရင်းဆေး ပညာရှင်ကြီးများ၊ သမားတော်ကြီးများ၏ ဆရာစဉ်သမားဆက် လက်ဆင့်ကမ်း ပညာမျှဝေ ထိန်းသိမ်းစောင့်ရှောက်ခဲ့မှုကြောင့် မြန်မာ့တိုင်းရင်းဆေးပညာမှာ ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ၊ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်ခြင်းဖြင့် တိမ်မြုပ်ပျောက်ကွယ်နေသည့် ကုထုံးသစ်များနှင့် အစွမ်းထက်မြက်သည့် မြန်မာ့ဆေးစွမ်းကောင်းများ ပေါ်ထွန်းလာမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့တိုင်းရင်းဆေးပညာသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလာပြီး တိုင်းရင်းသားပြည်သူများ၏ ယုံကြည်စိတ်ချမှု၊ အားပေးမှုတို့ ရရှိကာ မြန်မာ့တိုင်းရင်းဆေး တစ်ခေတ်ဆန်းသစ်လာပြီဟု ဆိုရမည်ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**



**ဒီဇင်ဘာ ၁၇ရက်က တပ်မတော်ခန်းမတွင် ခင်းကျင်းပြသလျက်ရှိသော ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် အဘထ တိုင်းရင်းဆေးဝါးလုပ်ငန်းမှ အစွမ်းထက်ဆေးအမျိုးမျိုးကို ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများအားတွေ့ရစဉ်။** (သတင်းစဉ်)

---

# အထက(၁) သဃ်န်းကျွန်း ရွှေရတု အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အထက(၁) သဃ်န်းကျွန်း၏ ရွှေရတုပွဲတော်ကို ဒီဇင်ဘာ ၂၄ရက် နံနက်၈နာရီတွင် ဖွင့်လှစ်၍ ပျော်ပွဲရွှင်ပွဲ အားကစားပွဲများနှင့် ဈေးရောင်းပွဲများကို ညနေ ၆နာရီအထိ ကျင်းပမည်ဖြစ်သည်။ ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ နှစ်(၅၀)အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀) အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် တပည့်များအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးသိန်း ဖုန်း– ၅၆၅၉၆၆သို့ ဆက်သွယ်စုံစမ်း၍ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

---



**ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ရခိုင်ကြီးတိုင်းရင်းဆေးဝါးလုပ်ငန်းမှ အစွမ်းထက် တိုင်းရင်းဆေးဝါးများ ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။**
(မြန်မာ့အလင်း)



**ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ကေသီပန် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ အစွမ်းထက်တိုင်းရင်းဆေးအမျိုးမျိုး ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားနေစဉ်။**
(မြန်မာ့အလင်း)

# ချန်ပီယံဆုရသည်အထိ အစွမ်းကုန်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပြန်လည်ရောက်ရှိ

သတင်းဆောင်းပါး - ကိုထွေး၊ ဓာတ်ပုံ - ထွေးကြည် (မြန်မာ့အလင်း)



**၂၀၀၄ ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်က အောင်ဆန်း အားကစားပြိုင်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်က ပထမဆု ရရှိသွားသော အင်းစိန် မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။** (က-ပ)

### ရန်ကုန် ဒီဇင်ဘာ ၁၇

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲတွင် အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲ



**မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က ပြိုင်ပွဲအတွေ့အကြုံများကို ဤသို့ရှင်းပြသည်။** (မြန်မာ့အလင်း)

တက်ရောက်နိုင်ခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့ညနေ ၄ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ကြိုဆိုနှုတ်ဆက်ကြသည်။

### တွေ့ဆုံမေးမြန်း

အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ပြိုင်ပွဲအတွေ့အကြုံနှင့် ရင်တွင်းခံစားချက်များကို သိရှိနိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးရောက်မဆိုက် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

### နည်းပြချုပ်အရည်အသွေး

ရှေးဦးစွာဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားသော အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုအား တွေ့ဆုံမေးမြန်းရာ"မြန်မာ့ဘောလုံးအဆင့်အတန်း မြင့်မားရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် နိုင်ငံတော်အကြီးအကဲများနှင့် မြန်မာ့ဘောလုံးပရိသတ်များ၏ဆန္ဒကို အတိုင်းအတာတစ်ရပ်အထိ ဆောင်ရွက်ပေးနိုင်ခဲ့၍ ဝမ်းသာကျေနပ်မိကြောင်း၊ အကြိုဗိုလ်လုပွဲအဆင့်နှင့် တင်းတိမ်ရောင့်ရဲမနေဘဲ ချန်ပီယံဆုဖလားရရှိသည်အထိ အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ယခုတိုက်ဂါးဖလားပြိုင်ပွဲ မတိုင်မီ ခြေစမ်းပွဲလေးပွဲ ကစားခဲ့ကြောင်း၊ ခြေစမ်းပွဲများ၌ ကစားသမားများကို စမ်းသပ်ကြည့်နိုင်ခဲ့၍ ပြိုင်ပွဲ၌ လူစာရင်းထုတ်ရာတွင် အဆင်ပြေခဲ့ကြောင်း၊ ကစားသမားများ အထူးကြိုးစားခဲ့ကြကြောင်း၊ စည်းကမ်းပိုင်းလည်း ကောင်းကြောင်း၊ အဓိကမှာ စိတ်ဓာတ်၊စည်းကမ်းကောင်းပြီး ရှုပ်ရှုပ်ရှုံ့ရှုံ့ ကစားခဲ့ကြကြောင်း၊ နည်းပြဆရာ၏မှာကြားမှုကို တစ်သဝေမတိမ်း လိုက်နာပြီး အကောင်အထည်ဖော်ခဲ့ကြကြောင်း၊ ယခုပြိုင်ပွဲ၌ နည်းပြချုပ်၏အရည်အသွေးမည်မျှရှိသည်ကို အကဲခတ်ခွင့်ရရှိခဲ့ကြောင်း၊ မလေးရှားရောက် မြန်မာပရိသတ်များ၏ အားပေးမှုအထူးကောင်းမွန်ကြောင်း"မြန်မာ့အလင်းသို့ပြောကြားသည်။



**(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲတွင် အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲ တက်ရောက်သွားသော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌တွေ့ရစဉ်။** (မြန်မာ့အလင်း)

### အားပေးမှုကောင်းမွန်

ဆက်လက်၍အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်အား တွေ့ဆုံမေးမြန်းရာ



**အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းအား သမီးနှစ်ဦးနှင့်အတူ ဤသို့ ပြုံးရွှင်စွာ။** (မြန်မာ့အလင်း)

တွင် "အုပ်ချုပ်သူ တစ်ဦးအနေဖြင့် နည်းပြချုပ် မည်သို့လုပ်ဆောင်သည်ကို ကြည့်ရှုခဲ့ကြောင်း၊ နည်းပြချုပ် အိုင်ဗင်ကိုလက်ဗ်အနေဖြင့် ယခုပြိုင်ပွဲအတွက် အထိရောက်ဆုံးနည်းဗျူဟာကို ချမှတ်ခဲ့ကြောင်း၊ ငါးရက်အတွင်း ကစားရမည့် သုံးပွဲကိုသာ စဉ်းစားထားကြောင်း၊ နည်းပြချုပ်အနေဖြင့် ရှည်ရှည်ဝေးဝေး စဉ်းစားတာမျိုးမတွေ့ရကြောင်း၊ အရှေ့တီမောနှင့်ပွဲအတွက် ကြိုတင်စဉ်းစားထားခြင်း မရှိကြောင်း၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားတို့နှင့် ကစားရမည့် ပွဲသုံးပွဲအပေါ် အပိုင်းလိုက် စီမံချက်ချမှတ်ခဲ့တာ တွေ့ရကြောင်း၊ မလေးရှားကို အနိုင်ရပြီးနောက် အရှေ့တီမောကို မည်သူတွေနှင့် မည်သည့်ပုံစံကစားမည်ကို မိမိစိတ်ဝင်စားခဲ့ကြောင်း၊ အရှေ့တီမောနှင့်ပွဲ၌ ၃-၅-၂ ပုံစံကို ပြန်ချပြီး တိုက်စစ်ဦးစားပေး ကစားခဲ့ကြောင်း၊ မူလပြင်ဆင်ထားစဉ်က ၄-၄-၂ ပုံစံနှင့် ၄-၅-၁ ပုံစံသာ ပါဝင်ခဲ့ကြောင်း၊ ဤအချက်ကိုကြည့်လျှင် နည်းပြချုပ် အိုင်ဗင်ကိုလက်ဗ်၏ အရည်အချင်းကို အသိအမှတ်ပြုရမှာ ဖြစ်သလို အတုလည်း ယူသင့်ကြောင်း၊ မိမိတို့အုပ်ချုပ်သူအပိုင်းက ကစားသမားလဲလှယ်မှု၊ Line-upထုတ်မှုအပိုင်း၌ ဝင်ရောက်စွက်ဖက်မှု မရှိကြောင်း၊ ခြေစမ်းပွဲများ၌ ကစားသမားများ စမ်းသပ်ပြီး အရှုံးအနိုင် အဓိကမထားဘဲ ကစားခဲ့ကြောင်း၊ စင်ကာပူကို ခြေစမ်းပွဲ၌ တစ်ဂိုးဖြင့်ကပ်ရှုံးခဲ့သော်လည်း မိမိတို့ အရန်လူများနှင့်သာကစားခဲ့ကြောင်း၊ မိမိတို့အသင်း၏ ကစားကွက်နှင့် ကစားအားကို ထုတ်မပြခဲ့ကြောင်း၊ စင်ကာပူအသင်းကို မိမိတို့အနိုင်ရရန် မခက်ကြောင်း၊



**အိမ်ရှင်မလေးရှားအသင်းကို အနိုင်ဂိုးသွင်းယူခဲ့သော စိုးမြတ်မင်းက ရင်တွင်းခံစားချက်ကို ဖွင့်ဟ။** (မြန်မာ့အလင်း)

နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ မလေးရှားမှ မြန်မာသံရုံးအဖွဲ့ဝင်များနှင့် မြန်မာပရိသတ်များ၏အားပေးမှု အထူးကောင်းမွန်ပါကြောင်း၊ ပရီမီးယားလိဂ် ဘောလုံးပွဲများ၌ အားပေးသည့် ပရိသတ်များကဲ့သို့ အားပေးရုံသက်သက်သာရှိပြီး အမှားအယွင်းရှိသည့်တိုင် နားလည်ပေးကြကြောင်း၊ အားပေးမှုကောင်းမွန်၍မြန်မာအသင်း စိတ်ဓာတ်တည်ငြိမ်စွာ ကစားနိုင်ခဲ့ပါကြောင်း" မြန်မာ့အလင်းသို့ပြောကြားသည်။

### ဂိုးသွင်းနိုင်၍ကျေနပ်

အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းကလည်း "အရှေ့တီမောနှင့်ပွဲတွင် ပထမတာထွက်အသင်း၌ကစားရမည်ဟုသိသောအခါ ကိုယ်တိုင်ဂိုးသွင်းနိုင်မည်ဟုတွေးထင်ခဲ့ကြောင်း၊ အနိုင်ရမည်ဟု စိတ်ဓာတ်ရှိထားသဖြင့် ကစားရတာကောင်းကြောင်း၊ မိမိထင်ထားသည့်အတိုင်း ဂိုးသွင်းနိုင်ခဲ့၍ ကျေနပ်မိပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မလေးရှားအသင်းကို တစ်လုံးတည်းသောအနိုင်ဂိုးသွင်းခဲ့သူ စိုးမြတ်မင်းကလည်း "မလေးရှားနှင့်ပွဲ ပထမပိုင်း ၁၅မိနစ်၌မင်းသူဖြတ်ပို့ပေးသည့်ဘောလုံးမှတစ်ဆင့်ဂိုးသွင်းနိုင်ခဲ့ကြောင်း၊ ယခုလို ဂိုးသွင်းနိုင်သည်မှာ အသင်းလိုက်ကောင်းမွန်၍ဖြစ်ကြောင်း၊ တစ်သင်းလုံး ကြိုးစားကစားခဲ့၍ အနိုင်ရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် လူငယ်ပြိုင်ပွဲများမှ ဂိုးများမပါဝင်ဘဲ လက်ရွေးစင်အသင်း၌ သွင်းယူနိုင်သည်မှာ



**အစွမ်းပြကာကွယ်ပေးခဲ့သော ဂိုးသမား အောင်အောင်ဦးက အတွေ့အကြုံကို ပြောကြားစဉ်။** (မြန်မာ့အလင်း)

ငါးဂိုးရှိသွားပြီဖြစ်ကြောင်း၊ မိမိကစားရသည့်နေရာပိုင်းအပေါ် ကျေနပ်ပါကြောင်း၊ နည်းပြချုပ်၏ ကူညီပံ့ပိုးအားပေးမှုနှင့် မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုများကြောင့် စိတ်တိုင်းကျကစားနိုင်ခဲ့ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ပွဲစဉ်တိုင်း၌လက်စွမ်းပြကာကွယ်နိုင်ခဲ့သော ဂိုးသမား အောင်အောင်ဦးကလည်း "တိုက်ဂါးဖလားပွဲမကစားခင် ခြေစမ်းပွဲများကစားခဲ့သည့်အတွက် ကစားအား တက်လာခဲ့ကြောင်း၊ ဟောင်ကောင်ကို သရေကစားနိုင်ခဲ့သည့်အတွက် ယုံကြည်မှုရှိလာကြောင်း၊ နည်းပြဆရာကလဲ အမြဲတမ်း အားပေးစကားပြောကြောင်း၊ ထိုင်းအသင်းက သွင်းယူသွားသော ဂိုးမှာ သူကန်မယ်ဆိုတာ သိသော်လဲ ကန်ချက်ကောင်းလွန်း၍ မကာကွယ်



**ဖိလစ်ပိုင်အသင်းအား အနိုင်ဂိုးသွင်းပေးခဲ့သူ ဆန်းဒေးသိန်း၏ ရင်တွင်းစကား ပြောကြားဟန်။** (မြန်မာ့အလင်း)

နိုင်ခဲ့ကြောင်း၊ ဂိုးပေးလိုက်ရသည့်အခါ စိုးရိမ်စိတ် အနည်းငယ်ဝင်မိကြောင်း၊ သို့သော် နည်းပြ၏ နည်းဗျူဟာပြောင်းလဲမှုကြောင့် မိမိတို့ ချေပဂိုးရရှိခဲ့ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့်အတူ ပထမဆုံးပွဲထွက်ခွင့်ရခဲ့ပြီး ဖိလစ်ပိုင်ကို တစ်ဂိုး၊ အရှေ့တီမောကို တစ်ဂိုးသွင်းယူခဲ့သော တိုက်စစ်မှူး ဆန်းဒေးသိန်းကလည်း"မိမိဇာတိမှာ မိုးညှင်းမြို့နယ် နမ်းမရွာဖြစ်ကြောင်း၊ ဗမာလူမျိုးဖြစ်ကြောင်း၊ ဖိလစ်ပိုင်အသင်းနှင့်ပွဲ၌ မိမိအား လူစားလဲပြီး ကွင်းထဲထည့်လိုက်ချိန်၌ နိုင်မည်ဟု ယုံကြည်နေကြောင်း၊ စိုးရိမ်စိတ်မရှိဘဲ ကိုယ့်နိုင်ငံအတွက် အကောင်းဆုံးကစားမည်ဟု တွေးထားကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲတွင် ရှုံးပွဲမရှိ အုပ်စုပထမဖြင့် ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို၊အုပ်ချုပ်သူအဖြစ် ဦးခင်မောင်ကြိုင် (ဘဏ္ဍာ/အခွန်)၊ နည်းပြချုပ်အဖြစ် အိုင်ဗင်ကိုလက်ဗ်(ဘူဂေးရီးယား)၊ လက်ထောက်နည်းပြများအဖြစ် ဂျော်ဂျီယက်ဗ်(ဘူဂေးရီးယား)၊ ဦးကြည်လွင် (မြို့တော်စည်ပင်)၊ ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦး (ရထားပို့ဆောင်ရေး)တို့က လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

### သူတို့ပါဝင်

အားကစားသမား ၂၂ယောက်ပါဝင်ရာ **(ဂိုး)** အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းလင်း (မြို့တော်စည်ပင်)၊**(နောက်တန်း)**မိုးကျော်သူ၊အောင်ကျော်မြင့်၊ ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင်(စွမ်းအင်)၊ မင်းသူ၊ ဇော်လင်းထွန်း-၂(စီးပွား/ကူးသန်း)၊ ဇော်လင်းထွန်း-၁(ပြည်ထဲရေး)၊**(အလယ်တန်း)** စိုးမြတ်မင်း၊အောင်ကျော်မိုး၊ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ ဘိုဘိုအောင်၊ မျိုးမင်းထွန်း၊ မာလ(စီးပွား/ကူးသန်း)၊ ဇော်ဇော် (မြို့တော်စည်ပင်)၊ အောင်ကျော်ထွန်း(သစ်တောရေးရာ)၊ လာကျဲအိုလွယ်(ဆောက်လုပ်ရေး)၊**(ရှေ့တန်း)** မျိုးလှိုင်ဝင်း၊ ရန်ပိုင် (ဘဏ္ဍာ/အခွန်)နှင့် ဆန်းဒေးသိန်း (ဆောက်လုပ်ရေး)တို့ဖြစ်ကြကြောင်း ဖော်ပြရေးသား လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၁၂၂) ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ ဒီဇင်ဘာ၂၆ရက် ညနေ ၆နာရီတွင်ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၂၅၄၉၀၆နှင့် ၀၅၆–၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့်တရားစခန်းဖွင့်မည့် ဒီဇင်ဘာ၂၆ရက် ညနေ ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

## မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်း ဖျာပုံမြို့ ပထမလမ်း ရွာမကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ၁၃၆၆ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်မှ ပြာသိုလဆန်း ၅(၈–၁–၂၀၀၅မှ၁၄–၁–၂၀၀၅)ရက်အထိ ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးပေါ်တရားကိုမယ်တော်ကြီး ဒေါ်ကြင်နှင့်မိသားစုတို့က ကျေးဇူးတော်ဆပ်(၇)ကြိမ်မြောက် အထူးတရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကြီးတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဩဘာသ(ဘီအေ၊ မြန်မာစာ)(သာသနဓဇ၊သဒ္ဓမ္မနေပုညဓမ္မာစရိယ) အင်းစိန် ပေါက်တောကျောင်းအရှင်မြတ်က ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အား ထုတ်နိုင်ကြောင်းသိရသည်။ **(က–ပ)**










## မြန်မာ့ရုပ်ရှင်လုပ်ငန်း
## ၂၀၀၃ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆုပေးပွဲ

**ကျင်းပမည့်နေရာ**
အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ

**ကျင်းပမည့်နေ့ရက်**
၂၆–၁၂–၂၀၀၄ (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်**
ညနေ ၅း၃၀နာရီ



**လက်မှတ်ရောင်းချမည့်နေရာများ** ၁။ ဘုရင်ရုပ်ရှင်ရုံ ဗိုလ်ချုပ်အောင်ဆန်းလမ်း
၂။ ရတနာပုံရုပ်ရှင်ရုံပြည်လမ်း
၃။ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ

**လက်မှတ်စတင်ရောင်းချမည့်ရက်** ၂၁–၁၂–၂၀၀၄ (အင်္ဂါနေ့)

**လက်မှတ်ရောင်းချမည့်အချိန်** နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၃ နာရီ

**ဝင်ကြေးနှုန်း** ကျပ် ၂၀၀၀/၁၈၀၀/၁၅၀၀/၁၀၀၀/

SUPER စူပါကော်ဖီမစ်မှ ပံ့ပိုးကူညီသည်။

**အထူးသတိပေးချက်။ ။လက်မှတ်အတုများ ပေါ်ပေါက်နိုင်မှုကြောင့် အထက်ပါသတ်မှတ်နေရာများတွင် ဝယ်ယူသောလက်မှတ်များမှလွဲ၍ အခြားပြင်ပတွင် ဝယ်ယူသောလက်မှတ်များအတွက် တာဝန်မယူပါ။**

## (၁၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

အနန္တကျေးဇူးရှင် ချစ်ဖေဖေ **ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး(လေ)**နှင့် ချစ်မေမေ **ဒေါ်သီဂီအေး** (အထက–၄၊ ဗိုလ်တထောင်)တို့၏ ၁၈–၁၂–၂၀၀၄ရက်တွင် ကျရောက်သော (၁၈)နှစ်မြောက် မင်္ဂလာနေ့ရက်မှသည် နှစ်ပေါင်း ၁၂၀တိုင် ချစ်သမီးလေးနှင့်အတူ မိသားစုလေး ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

**တစ်ဦးတည်းသောချစ်သမီး**
**မလှဲ့မွန်မောင်မောင်**
**1st Year, (YUFL)။**










## ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘာသာရပ် ၁၉၈၃ခုနှစ် သူငယ်ချင်းများအားလုံးသို့

၂၅–၁၂–၂၀၀၄ရက်(ခရစ္စမတ်နေ့) ညနေမှာ 83 Batch သူငယ်ချင်းများ ဆရာကန်တော့ပွဲနှင့် ညစာစားပွဲ အစီအစဉ်ရှိပါသဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် အကြောင်းကြားပါသည်။ ညစာစားပွဲ အစီအစဉ်ကို စိမ်းလန်းစိုပြည်ဥယျာဉ် ၂၈၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ် (ဘွဲ့နှင်းသဘင်ခန်းမအနီး) ရန်ကုန်တွင် ညနေ၀ါးနာရီခွဲ စတင်မည်ဖြစ်ပါသည်။ မပျက်မကွက်ကြွရောက်ပါရန် ဖိတ်ကြားပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ။**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ မိန့်ခွန်းပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၇

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်ရေးသည် အမျိုးသားရေးပန်းတိုင်ဖြစ် ရည်မှန်းချက်ပန်းတိုင်ရောက်ရေး နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အကောင်အထည်ဖော်နေပြီ အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး ပြည်သူနှင့်လက်တွဲဖော်ဆောင်

ရန်ကုန် ဒီဇင်ဘာ ၁၇

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရန်ကုန်တိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) အဆောက်အအုံ၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပစဉ်။** (သတင်းစဉ်)

